# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**လွန်စွာကပ်ငြိသည့်စိတ်**

ပန်းတို့ကို ကောင်းနိုးရာရာ ဆွတ်ခူးသောသူကဲ့သို့ ကာမဂုဏ်တို့ကို မရသေးသည်ကို တောင့်တ၊ ရပြီးသည်ကို တွယ်တာ၊ လွန်စွာကပ်ငြိသည့် စိတ်ရှိသောသူကို ကြီးစွာသော ရေအလျဉ်သည် အိပ်ပျော်နေသောရွာကို လွှမ်းမိုး တိုက်ယူသွားသကဲ့သို့ သေမင်းသည် သိမ်းယူ၍ သွားး၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၄၇)

၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက် | ၂၀၂၄ ခုနှစ်၊ မေ ၂၃ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၃)၊ အမှတ်(၂၃၁)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဝင်များနှင့် ဇနီးများက ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မဟာဗောဓိညောင်ပင်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပြီး ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်စဉ်။

နေပြည်တော် မေ ၂၂

ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ ၁၂ လရာသီပွဲတော်တွင် တစ်ခု အပါအဝင်ဖြစ်သည့် မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ဗုဒ္ဓနေ့ဖြစ်သော ယနေ့တွင် ကျရောက်သည့် ကဆုန်ညောင်ရေသွန်းပွဲတော်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ် ပရိဝုဏ်တော်အတွင်းရှိမဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ညနေပိုင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က မဟာဗောဓိညောင်ပင်တော်ကို ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်

*စာမျက်နှာ ၃ ကော်လံ ၁* ❑



# စွန့်ပစ်ပစ္စည်းကင်းစင်သည့် လူမှုအဖွဲ့အစည်းဖြစ်လာစေရေး

မိမိတို့နိုင်ငံတွင် လူဦးရေတိုးတက်လာခြင်း၊ မြို့ပြများ ကြီးထွားလာခြင်း၊ စက်မှုလုပ်ငန်းများ တိုးတက်လာခြင်းတို့နှင့်အတူ အမှိုက်ပြဿနာကလည်း ကြီးထွားလာသည်။ နိုင်ငံ၏ အဓိက မြို့ကြီး သုံးမြို့ဖြစ်သည့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့တွင် နေ့စဉ် စွန့်ပစ်အမှိုက်များ ထွက်ရှိမှု သိသိသာသာ များပြားလျက်ရှိရာ "စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု" နှင့်စပ်လျဉ်း၍ စိန်ခေါ်မှုများကို ရေရှည်တွင် ပိုမိုရင်ဆိုင်ကြုံတွေ့လာရမည်ဖြစ်သည်။

စွန့်ပစ်ပစ္စည်းဟူသည် အမှိုက်ဆိုသည့် ဝေါဟာရထက် ပိုမိုကျယ်ပြန့်ပြီး အစိုင်အခဲစွန့်ပစ်ပစ္စည်း၊ စွန့်ပစ်အရည်နှင့် စွန့်ထုတ်ရေ၊ ထုတ်လွှတ်အခိုးအငွေ့ စသည်တို့အားလုံးပါဝင်သည်။ မိမိတို့ နိုင်ငံသူ နိုင်ငံသားများမှာ အမှိုက်စွန့်ပစ်မှု အလေ့အကျင့်ကောင်းများ လွန်စွာအားနည်းသကဲ့သို့ နည်းစနစ်မှန်ကန်သော စွန့်ပစ်ပစ္စည်းသိမ်းဆည်းမှုစနစ်၊ သယ်ဆောင်မှုစနစ်နှင့် စွန့်ပစ်မှုစနစ်များ မရှိခြင်းကြောင့်လည်း နိုင်ငံအတွင်း စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ဖြစ်ပေါ်စေပြီး မြေဆီလွှာ၊ မြစ်ချောင်းများ၊ ရေအရင်းအမြစ်များ စသည်တို့အပေါ် ဆိုးကျိုးများ သက်ရောက်စေလျက်ရှိသည်။ စုပုံစွန့်ပစ်ထားသည့် နေရာများမှ ထွက်လာသော ရေဆိုးများ၊ စွန့်ပစ်ပစ္စည်းများကို လဟာပြင်တွင် မီးရှို့ခြင်းကြောင့် လေထုညစ်ညမ်းမှုများ စသည်တို့က မြေထု၊ ရေထု၊ လေထုတို့ကို ညစ်ညမ်းစေပြီး ပြည်သူများ၏ ကျန်းမာရေးကို သိသိသာသာ ထိခိုက်စေသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စွန့်ပစ်ပစ္စည်း တစ်ရက်လျှင် မက်ထရစ်တန် ၂၀၀၀၀ ခန့် ထွက်ရှိကြောင်း၊ ရန်ကုန်နှင့် မန္တလေးတို့တွင် လူတစ်ဦး တစ်ရက်လျှင် စွန့်ပစ်ပစ္စည်း ၀ ဒသမ ၈ ကီလိုဂရမ်ထွက်ရှိပြီး ၂၀၂၅ ခုနှစ်တွင် လူတစ်ဦး တစ်ရက်လျှင် စွန့်ပစ်ပစ္စည်း ၁ ကီလိုဂရမ်ခန့် ထွက်ရှိမည်ဖြစ်ကြောင်း နယ်သာလန်အင်တာပရိုက်ဆာအေဂျင်စီ၏ ၂၀၁၇ ခုနှစ် အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီး သုံးမြို့မှထွက်သည့် စွန့်ပစ်ပစ္စည်း ပမာဏသည် တစ်နိုင်ငံလုံးစုစုပေါင်းပမာဏ၏ ထက်ဝက်ခန့် ရှိသည်ဟု ခန့်မှန်းထားသည်။ ရန်ကုန်တွင် တစ်ရက်လျှင် တန် ၂၀၀၀ ခန့်၊ မန္တလေးတွင် တစ်ရက်လျှင် ၉၅၅ တန်ခန့်၊ နေပြည်တော်တွင် တစ်ရက်လျှင် တန် ၂၀၀ ခန့် ထွက်ရှိသည်ဟု ဆိုရာ ထိုပမာဏသည် စည်ပင်သာယာရေးအဖွဲ့များက သိမ်းဆည်းစွန့်ပစ်နိုင်သည့်ပမာဏသာဖြစ်ပြီး စည်ပင်သာယာက မသိမ်းနိုင်သည့် စွန့်ပစ်ပစ္စည်းများ၊ အခြားနေရာများသို့ စွန့်ပစ်သည့် စွန့်ပစ်ပစ္စည်းများ၊ မီးရှို့ပစ်သည့် စွန့်ပစ်ပစ္စည်းများ၊ ပြန်လည်အသုံးပြုသည့် စွန့်ပစ်ပစ္စည်းများနှင့် ပြန်လည်ပြုပြင်သုံးစွဲသည့် စွန့်ပစ်ပစ္စည်းများ မပါဝင်သည့်အတွက် အမှန်တကယ်ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းပမာဏမှာ ယင်းထက် ပိုမိုများပြားမည်ဖြစ်သည်။

မြို့ပြဒေသများတွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် ပြည်သူလူထုပူးပေါင်းပါဝင်ခြင်းက လွန်စွာအရေးကြီးသည်။ ပြည်သူလူထု၏ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ ဗဟုသုတနည်းပါးခြင်း၊ စွန့်ပစ်ပစ္စည်းဆိုင်ရာ ဝန်ဆောင်မှုများအတွက် ဝန်ဆောင်ခပေးချေလိုမှုမရှိခြင်း၊ စွန့်ပစ်ပစ္စည်းများနှင့် ဆက်စပ်ပတ်သက်လျက်ရှိသော တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်မှုအားနည်းခြင်း၊ ဒေသခံအာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်း စသည့်အချက်များမှာ ပြုပြင်ရန်လိုအပ်သည့် အားနည်းချက်များဖြစ်သည်။ စွန့်ပစ်ပစ္စည်းများကို ခွဲခြားစွန့်ပစ်မှု မပြုဘဲ ရောထွေးစွန့်ပစ်ခြင်းကြောင့် စွန့်ပစ်ပစ္စည်းသိမ်းဆည်းခြင်း၊ ပြုပြင်သန့်စင်ခြင်းတို့တွင်ပါ ဆက်လက်ဆောင်ရွက်ရန် အခက်အခဲဖြစ်ပေါ်ရသည်။

စွန့်ပစ်ပစ္စည်းကို စနစ်တကျစွန့်ပစ်ခြင်းအားဖြင့် ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ရာ စွန့်ပစ်ပစ္စည်းထွက်ရှိမှုကို လျော့ကျစေမည်ဖြစ်သည်။ စွန့်ပစ်ပစ္စည်းကင်းစင်သည့် လူမှုအဖွဲ့အစည်းဖြစ်ပေါ်လာစေရေး ဆောင်ရွက်ရာတွင် စွန့်ပစ်သူ ပြည်သူများသည် အခြေခံအကျဆုံးဖြစ်သည့်အလျောက် စွန့်ပစ်ပစ္စည်းဆိုင်ရာ ဗဟုသုတနှင့် အလေ့အကျင့်ကောင်းများကို ထူထောင်နိုင်ကြပါစေကြောင်း။ ။

# ဟိုပုံးမြို့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(ပေါင်လင်း)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်းပက်)တို့တွင် ဝင်ခွင့်လျှောက်ထားနိုင်



ဟိုပုံး မေ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဟိုပုံးမြို့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (ပေါင်လင်း)နှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း (ပင်းပက်)တွင် ကျောင်းသား ကျောင်းသူများ ဝင်ခွင့်လျှောက်ထားနိုင်ကြောင်း သိရသည်။

ထိုသို့ လျှောက်ထားရာတွင် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ပင်လောင်းမြို့နယ်တို့မှ အခြေခံပညာ အလယ်တန်းဆင့် (Grade–9) ပြီးမြောက်အောင်မြင်ပြီးသည့် ကျောင်းသား ကျောင်းသူများ လျှောက်ထားနိုင်မည် ဖြစ်သည်။ အဆိုပါ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသားကျောင်းသူများသည် အထက်တန်းအဆင့် သင်ယူနေစဉ်ကာလအတွင်း စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို သင်ယူ တတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်သည်။

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် အထူးပြု ဘာသာရပ်သုံးမျိုးဖြစ်သည့် အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology) နှင့် စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ခြင်းနည်းပညာ (Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ သုံးနှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြား လေ့ကျင့်ပေးမည်ဖြစ်သည်။ အဆိုပါလမ်းကြောင်းတွင် တက်ရောက်သည့် ကျောင်းသားများ အတွက် ဆက်လက်သင်ယူနိုင်မည့် အခွင့်အလမ်းများမှာ အထူးအောင် (Credit) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် ခြောက်နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့ (BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ် လေးနှစ် တက်ရောက်ရပြီး နည်းပညာဘွဲ့ (B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့လည်းကောင်း၊ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် သုံးနှစ် တက်ရောက်ရပြီး အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့လည်းကောင်း ဆက်လက်တက်ရောက်နိုင်ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၅-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၂၅ | ၂၇၀၀ | ၂၆၀၀ | ၂၆၃၀ | ၂၇၀၀ | ၂၇၁၅ | ၂၇၂၅ | ၂၆၀၀ | ၂၈၁၅ | ၂၈၄၅ | ၂၆၃၀ | ၂၇၀၅ | ၂၇၄၀ | ၂၇၂၅ | ၂၇၄၀ | ၃၁၄၅ | ၃၆၀၀ |
| 95 Ron | ၂၇၅၀ | ၂၈၂၅ | ၂၈၀၅ | ၂၇၅၅ | ၂၈၂၅ | ၂၈၄၀ | ၂၈၅၀ | ၂၈၀၅ | ၂၉၃၅ | ၂၉၆၅ | ၂၈၁၅ | ၂၈၃၀ | ၂၈၆၀ | ၂၈၅၀ | ၂၈၆၅ | ၃၂၇၀ | ၃၇၀၀ |
| HSD (500 ppm) | ၂၃၄၅ | ၂၄၂၅ | ၂၄၀၀ | ၂၃၅၅ | ၂၄၂၅ | ၂၄၄၀ | ၂၄၅၀ | ၂၄၀၅ | ၂၅၃၅ | ၂၅၆၅ | ၂၄၁၅ | ၂၄၃၀ | ၂၄၆၀ | ၂၄၅၀ | ၂၄၆၀ | ၂၈၇၀ | ၃၆၅၀ |
| HSD (50 ppm) | ၂၃၈၅ | ၂၄၇၅ | ၂၄၅၀ | ၂၄၀၅ | ၂၄၇၅ | ၂၄၈၅ | ၂၅၀၀ | ၂၄၅၅ | ၂၅၈၅ | ၂၆၁၅ | ၂၄၆၀ | ၂၄၇၅ | ၂၅၁၀ | ၂၅၀၀ | ၂၅၁၀ | ၂၉၂၀ | ၃၇၁၀ |
| HSD (10 ppm) | ၂၃၈၅ | ၂၄၇၅ | ၂၄၅၀ | ၂၄၀၅ | ၂၄၇၅ | ၂၄၈၅ | ၂၅၀၀ | ၂၄၅၅ | ၂၅၈၅ | ၂၆၁၅ | ၂၄၆၀ | ၂၄၇၅ | ၂၅၁၀ | ၂၅၀၀ | ၂၅၁၀ | ၂၉၂၀ | ၃၇၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၈၈ | ၂၅၇၁ |
| 95 Ron | ၂၆၀၉ | ၂၆၉၅ |
| HSD (500 ppm) | ၂၂၂၀ | ၂၂၉၄ |
| HSD (50 ppm) | ၂၂၆၇ | ၂၃၄၂ |
| HSD (10 ppm) | ၂၂၆၇ | ၂၃၄၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇

၀၆၇– ၄၁၁၂၈၂၊ ၀၉–၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မဟာဗောဓိညောင်ပင်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရေသပ္ပာယ်တော်မူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် မဟာဗောဓိညောင်ပင်အား အမွှေးနံ့သာရည်များပက်ဖျန်းပြီး ကဆုန်ညောင်ရေသွန်းလောင်းပူဇော်စဉ်။

❑ *ရှေ့ဖုံးမှ*

ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

**ဖူးမြော်ကြည်ညို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကိုကျင်းပရာ "နမော တဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီး အခမ်းအနားမှူးက မဟာဗောဓိရုက္ခသိဒ္ဓနပူဇာဂါထာတော်ကို ရွတ်ဖတ်ပူဇော်၍ သာဓုသုံးကြိမ်ခေါ်ဆိုကြသည်။

**ညောင်ရေသွန်းလောင်းပူဇော်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီး၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများသည် သတ်မှတ်ထားသည့် နေရာများအလိုက် နေရာယူကြပြီး မဟာဗောဓိညောင်ပင်တော်



ဝတ်အသင်းအဖွဲ့များအလိုက် ယောဂီများက မဟာဗောဓိညောင်ပင်တော်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ပြီး ညောင်ရေသွန်းလောင်းပူဇော်စဉ်။

အား အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကာ ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။ ဆက်လက်၍ မဟာဗောဓိညောင်ပင်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ရေသပ္ပာယ်တော်မူကြပြီး မဟာဗောဓိညောင်ပင်တော်အား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

**အမွှေးနံ့သာရည်များပက်ဖျန်းပူဇော်**

ယင်းနောက် ဝတ်အသင်းအဖွဲ့များအလိုက် ယောဂီများက မဟာဗောဓိညောင်ပင်တော်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ပြီး ညောင်ရေသွန်းလောင်းပူဇော်၍ အခမ်းအနားမှူးက အောင်ဆုမင်္ဂလာအမျှဝေစာတမ်းအား ဖတ်ကြားပြီး ကုသိုလ်အမျှပေးဝေကြကာ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့်ဇနီးတို့သည် ဘုရားဖူးလာပြည်သူများအား *စာမျက်နှာ ၄ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ကဆုန်လပြည့် ဗုဒ္ဓနေ့ သရုပ်ပြယာဉ်များကို လှည့်လည်ကြည့်ရှုစဉ်။

*စာမျက်နှာ ၃ မှ*

ရင်းရင်းနှီးနှီးနှုတ်ဆက်ကြပြီး ကဆုန်လပြည့် ဗုဒ္ဓနေ့ သရုပ်ပြယာဉ်များကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**ကဆုန်ညောင်ရေသွန်းလောင်းပူဇော်**

ထို့ပြင် ဇေယျာသီရိမြို့နယ် လောကချမ်းသာ ဆုတောင်းပြည့်အသင်းဘုရားကြီးရှိ မဟာဗောဓိ ညောင်ပင်များကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တို့အမှူးပြု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ် မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်း ကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်နှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ် ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်မိသားစုများက ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ကဆုန်လပြည့် ဗုဒ္ဓနေ့ သရုပ်ပြယာဉ်များကို လှည့်လည်ကြည့်ရှုစဉ်။

**နေ့ထူးနေ့မြတ်အဖြစ် အထွတ်အမြတ်ထား**

အဆိုပါ ကဆုန်လပြည့်နေ့သည် ဒီပင်္ကရာ မြတ်စွာဘုရားက ဂေါတမဘုရား အလောင်းတော် သုမေဓာရှင်ရသေ့အား **“ဘဒ္ဒကမ္ဘာတွင်ဘုရားအဖြစ်ကို ရလိမ့်မည်”** ဟု ဗျာဒိတ်တော်စကား မိန့်ကြားတော် မူသောနေ့၊ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား ဖွားမြင်သောနေ့၊ သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်တော်မူသောနေ့၊ ပရိနိဗ္ဗာန်စံတော်မူသောနေ့ ယင်းနေ့များသည် ကဆုန်လပြည့်နေ့များတွင်ပင် ဖြစ်သဖြင့် **“ဗျာဒိတ် ဖွားမြင် ဗောဓိပင်၊ စံဝင် နိဗ္ဗာန်နန်း”** ဟု မှတ်တမ်းပြုကြပြီး **ကဆုန်လပြည့် ဗုဒ္ဓနေ့**ဟူ၍ ဗုဒ္ဓဘာသာဝင်များက နေ့ထူးနေ့မြတ် အဖြစ် အထွတ်အမြတ်ထား၍ ကျင်းပပူဇော်လေ့ ရှိကြောင်း၊ ကဆုန်လပြည့်နေ့၏ ထူးခြားချက်မှာ ဂေါတမမြတ်စွာဘုရားသာလျှင်မကဘဲ သဗ္ဗညု မြတ်စွာဘုရားရှင်တို့၏ ဖွားမြင်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန်ပြုသောနေ့ များမှာလည်း ကဆုန်လပြည့်နေ့ပင်ဖြစ်၍ ကဆုန် လပြည့်နေ့ကို **“ဗုဒ္ဓနေ့”**ဟု သတ်မှတ်ခြင်းဖြစ်ကြောင်း၊ ကဆုန်ညောင်ရေသွန်းပွဲတော်သည် ကုသိုလ်ယူ ဖွယ်ရာ၊ ဝမ်းသာကြည်နူးဖွယ်ရာ ဘာသာရေးဆိုင်ရာ ပွဲတော်တစ်ခုဖြစ်သည့်အပြင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် တစ်ရပ်အဖြစ် ကျင်းပပြုလုပ်သည့် ပွဲတော်ဖြစ်ကြောင်းနှင့် ကဆုန်လပြည့်နေ့မတိုင်မီ တစ်ရက်အလိုတွင် ညောင်ရေသွန်းလောင်းကြမည့် ညောင်ပင်များကို အမွှေးနံ့သာရည်များ ပက်ဖျန်း ပေးခြင်း၊ မဟာဗောဓိပင်ပလ္လင်တော်အား ကြည်ညို စဖွယ်ဖြစ်အောင် ပြင်ဆင်ခြင်း စသည့်ကုသိုလ် ယူဖွယ်များကို ပြုလုပ်လေ့ရှိကြကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

## ၂၀၂၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး နွေရာသီအဆင့်မြင့် အားကစားသင်တန်းဆင်းပွဲကျင်းပ

**ပဲခူး မေ ၂၂**

ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာ ကော်မတီနှင့် ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီး ဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၂၄ ခုနှစ် နွေရာသီအဆင့်မြင့် အားကစား သင်တန်းဆင်းပွဲကို မေ ၂၁ ရက် နံနက်ပိုင်းက ပဲခူးမြို့ တိုင်းဒေသကြီး အားကစားခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အနာဂတ်နိုင်ငံ တော်အတွက် လူငယ်များ၏ စွမ်းဆောင်ရည်၊ ကိုယ်ကျင့်တရား၊ တိုင်းပြည်ချစ်စိတ်၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ဗလငါးတန်ပြည့်စုံပြီး အကျင့်စာရိတ္တကောင်းမွန်သော အသိဉာဏ်ဖွံ့ဖြိုးသူများ ဖြစ်လာ စေရေးနှင့် နွေရာသီအဆင့်မြင့် အားကစားသင်တန်းများ ဖွင့်လှစ် ပေးရခြင်းဖြစ်ပြီး အားကစားနည်း အလိုက် ဗီဇပါရမီရင့်သန်၍ အောင်မြင်မှုအလားအလာရှိသည့် ရွက်ပုန်းသီး အားကစားသမားများ ပေါ်ထွက်လာမည် ဖြစ်ကြောင်း၊ မကြာမီကျင်းပမည့် အမျိုးသား အားကစားပွဲတော်ကြီးတွင် တိုင်း ဒေသကြီးကိုယ်စားပြု ဝင်ရောက် ယှဉ်ပြိုင်နိုင်ရေးအတွက် နွေရာသီ အဆင့်မြင့် အားကစားသင်တန်းမှ သင်ကြားပေးလိုက်သည့် သက် ဆိုင်ရာ အားကစားနည်းအလိုက် နည်းစနစ်နှင့် ကျွမ်းကျင်မှုများကို အခြေခံပြီး ဆက်လက်လေ့လာ ခြင်း၊ စဉ်ဆက်မပြတ်လေ့ကျင့် ခြင်းများ ဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အားကစားနည်း အလိုက် နည်းပြဆရာ/ ဆရာမ ၂၆ ဦးအတွက် ဂုဏ်ပြုငွေကျပ် ၂၆ သိန်း၊ ဘောလုံး၊ Fitness Dance နှင့် ကရာတေးဒိုအားကစား နည်း သုံးနည်းမှ သင်တန်းသား၊ သင်တန်းသူများအား သင်တန်း ဆင်းလက်မှတ်များ ပေးအပ်ခဲ့ သည်။(ဝဲပုံ)

ယင်းနောက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက စားပွဲတင် တင်းနစ်၊ ဘတ်စကက်ဘောနှင့် မြန်မာ့သိုင်း အားကစားနည်း သုံးနည်းမှ သင်တန်းသား၊ သင် တန်းသူများကို လည်းကောင်း၊ တိုင်းဒေသကြီး စီးပွားရေးရာ ဝန်ကြီးက တင်းနစ်နှင့် ကြက် တောင် အားကစားနည်း နှစ်နည်း မှ သင်တန်းသား၊ သင်တန်းသူများ ကိုလည်းကောင်း သင်တန်းဆင်း လက်မှတ်များ ပေးအပ်ကြသည်။

ထို့နောက် မြန်မာ့သိုင်း၊ ဘောလုံး၊ ကရာတေးဒို၊ ဘတ် စကက်ဘောနှင့် Fitness Dance စသည့် အားကစားနည်းအလိုက် သင်တန်းသား သင်တန်းသူများက သရုပ်ပြသကစားကြရာ တိုင်း ဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြု ငွေများ ပေးအပ်ခဲ့ကြောင်း သိရ သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ဘုရားကြီးထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြစဉ်။

# ၂၀၂၄ ခုနှစ် ကဆုန်လပြည့်ဗုဒ္ဓနေ့ အထိမ်းအမှတ်အဖြစ် ဆင်ယင်ကျင်းပပူဇော်သည့် မဟာမင်္ဂလာအခမ်းအနားများသို့ ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တို့ နေ့ဆွမ်းဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၂၂**

၂၀၂၄ ခုနှစ် ကဆုန်လပြည့်ဗုဒ္ဓနေ့ အထိမ်းအမှတ်အဖြစ် ဆင်ယင်ကျင်းပပူဇော်သည့် မဟာမင်္ဂလာအခမ်းအနားများသို့ ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ပရိဝုဏ်အတွင်းရှိ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တို့က နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ အထူးပင့်ဖိတ်ထားသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်၊ မန္တလေးမြို့

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ဘုရားကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

*စာမျက်နှာ ၅ မှ*

မစိုးရိမ်တိုက်သစ်မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသတို့အမှူးပြုသည့် ဆရာတော်၊ သံဃာတော် ၃၆ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

**ဆီမီးကပ်လှူပူဇော်**

အခမ်းအနားမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယနောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်သည်။

**ပရိတ်တရားတော်များနာယူ**

ထို့နောက် အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးအမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ဘုရားကြီးထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ သန်လျင်မင်းကျောင်းဆရာတော်ဘုရားကြီးထံ လည်းကောင်း၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော်ကြီးထံ လည်းကောင်း၊ ကောင်စီအတွင်းရေးမှူးနှင့် ဇနီးတို့က ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံ လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီးတို့က နိုင်ငံတော်ဩဝါဒါစရိယ တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏထံလည်းကောင်း၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ *စာမျက်နှာ ၇ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီးတို့ ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့်ဇနီးတို့ ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

*စာမျက်နှာ ၆ မှ*

အခမ်းအနားသို့ တက်ရောက်လာသည့် အကြီးအကဲများနှင့် ဇနီးများက ဆရာတော်ကြီးများထံ လည်းကောင်း လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြပြီး "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။

**နေ့ဆွမ်းဆက်ကပ်လှူဒါန်း**

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသအမှူးပြုသည့် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ အမှူးပြုသည့် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



## သာစည်မြို့၌ သံဃာတော် ၁၀၈ ပါးတို့အား ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများလောင်းလှူ

**သာစည် မေ ၂၂**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့၌ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်ညွှန်ကြားမှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော သံဃာတော် ၁၀၈ ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ် ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ လောင်းလှူပူဇော်ပွဲကို ကဆုန်လပြည့်(ဗုဒ္ဓနေ့)ယနေ့နံနက်က အမှတ် (၆) ရပ်ကွက် သာယာကုန်း ကျောင်းတိုက်၌ ကျင်းပသည်။



ရှေးဦးစွာ သံဃာတော် ၁၀၈ ပါးတို့အား ကြာဆံဟင်းခါးဖြင့် အရုဏ်ဆွမ်းဆက်ကပ်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် အဖွဲ့ဝင်များက ဦးဆောင်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် အလှူရှင်များက ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ လောင်းလှူခဲ့ကြရာ **(အပေါ်ပုံ)** စုစုပေါင်း လှူဒါန်းငွေကျပ် ၄၂၄၄၄၀၀ လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။ ယင်းနောက် တက်ရောက်လာကြသည့် ကုသိုလ်ရှင်အလှူရှင်များက သာယာကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပုညဇေထံမှ အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အား ရေစက်ချအမျှပေးဝေခဲ့ကြောင်း သိရသည်။

ထို့နောက် အောင်မြင်သာကျေးရွာ ပုထိုးတော်ကြီးဘုန်းတော်ကြီးကျောင်းတိုက် အတွင်းရှိ ဗောဓိညောင်ပင်အား မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဦးဆောင်သော ဌာနဆိုင်ရာများနှင့် ကျေးရွာသူကျေးရွာသားများက ကဆုန်ညောင်ရေသွန်းလောင်းခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ထားဝယ်မြို့ လောကမာရဇိန်ဘုရားကြီး၌ ကဆုန်ညောင်ရေသွန်းလောင်း

**ထားဝယ် မေ ၂၂**

ကဆုန်လပြည့်နေ့(ဗုဒ္ဓနေ့) တွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ ကျက်သရေဆောင် လောကမာရဇိန်ဘုရားကြီး၌ ကျင်းပသည်။ **(အောက်ပုံ)**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက လောကမာရဇိန်ဘုရားကြီးဝင်းအတွင်းရှိ ကိန်းဝပ်စံပယ်တော်မူနေသော ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ပြီး "ကဆုန်လပြည့်" (ဗုဒ္ဓနေ့)အထိမ်းအမှတ်အဖြစ် အလှူတော်ငွေကျပ် ၅၀၀၀၀၀ ကို လှူဒါန်းသည်။

ထို့နောက် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲကို မဟာဗောဓိပင်၌ ကျင်းပရာ "ကဆုန်လပြည့်" ဗုဒ္ဓနေ့အကြောင်းစာတမ်းနှင့် မဟာဗောဓိပရိဘောဂစေတီတော်မြတ်ကို ညောင်ရေသွန်းလောင်းပူဇော်ရန် ဂါထာတော်များကို ရွတ်ဖတ်ပူဇော်ပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက မဟာဗောဓိညောင်ပင်ကို ရေစင်သွန်းလောင်းပူဇော်ကြသည်။**တိုင်းဒေသကြီး(ပြန်/ဆက်)**







# ၁၃၈၆ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) ဓမ္မသဘင် မင်္ဂလာအခမ်းအနား ဆင်ယင်ကျင်းပ

**နေပြည်တော် မေ ၂၂**

၁၃၈၆ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) ဓမ္မသဘင် မင်္ဂလာအခမ်းအနားကို ယနေ့ ညပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဂ္ဂါဓိပတိသာသနာ့ ဗိမာန်တော်၌ ဆင်ယင်ကျင်းပသည်။ **(အပေါ်ပုံ)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဓမ္မပူဇာအလှူတော်ငွေများ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် လက်ခံရယူစဉ်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ သောဋ္ဌသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူ ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ကြွရောက်ချီးမြှင့်တော်မူပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဝတ်အသင်းအဖွဲ့များ တက်ရောက်နာယူ ကြည်ညိုကြသည်။

ဦးစွာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး သီတဂူဆရာတော်ကြီး ဟောကြားတော်မူသည့် ကဆုန်လပြည့် (ဗုဒ္ဓနေ့) ဆိုင်ရာ ဓမ္မကထာဒေသနာတော်ကို ရိုသေလေးမြတ်စွာနာယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဓမ္မပူဇာအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ကပ္ပိယကာရကအဖြစ် လက်ခံရယူပြီး သီတဂူဆရာတော်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ယင်းနောက် သီတဂူဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး (၁၆) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၂၂**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး (၁၆) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) ယနေ့ညနေပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ မဟာဗောဓိညောင်ပင်တော်များ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် ဇနီး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော် ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများသည် တက်ရောက်လာကြသူများနှင့်အတူ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်မြောက်ဘက်အရပ်ရှိ မဟာဗောဓိညောင်ပင်များအား ညောင်ရေသွန်းလောင်းပူဇော်ကြရန် နေရာယူကြပြီး အခမ်းအနားမှူးက မဟာဗောဓိရုက္ခသိဒ္ဓိနပူဇာဂါထာတော်ကို ရွတ်ဖတ်ပူဇော်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများသည် တက်ရောက်လာကြသူများနှင့်အတူ သတ်မှတ်ထားသည့် နေရာများအလိုက် မဟာဗောဓိညောင်ပင်တော်များအား ညောင်ရေသွန်းလောင်း ပူဇော်၍ အမွှေးနံ့သာရည် ပက်ဖျန်းပူဇော်ကြကာ မဟာဗောဓိညောင်ပင်များအား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

**သတင်းစဉ်**



# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆီမီးတိုင်များဖြင့် လှည့်လည်ပူဇော်

**နေပြည်တော် မေ ၂၂**

မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးနှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတို့အား ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်း၍ ဆီမီးတိုင်များဖြင့် လှည့်လည်ပူဇော်ခြင်း အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်နှင့် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်တို့တွင် ကျင်းပသည်။

ဦးစွာ ဗျာဒိတ်တော်ခံယူတော်မူခြင်း၊ ဖွားမြင်တော်မူခြင်း၊ ဘုရားပွင့်တော်မူခြင်းနှင့် ပရိနိဗ္ဗာန်စံတော်မူခြင်း စသည့်သရုပ်ပြယာဉ်များနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများသည် မော်တော်ယာဉ်များဖြင့် တပေါင်းကွင်းစုရပ်မှ စတင်ထွက်ခွာကြပြီး ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

ထိုမှတစ်ဆင့် သရုပ်ပြယာဉ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများသည် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်သို့ ဆက်လက်ထွက်ခွာကြပြီး သရုပ်ပြယာဉ်များကို ဘုရားဖူးပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း အပူဇော်ခံရပ်နားထားရှိကာ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများက သာသနာ့အလံများနှင့် ဆီမီးတိုင်များကိုင်ဆောင်၍ မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား သတ်မှတ်လမ်းကြောင်းအတိုင်း လက်ယာရစ်လှည့်လည် ပူဇော်ကြသည်။



ထို့နောက် ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများသည် မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအနီးရှိ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြပြီး မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဂ္ဂါဓိပတိသာသနာ့ ဗိမာန်တော်၌ ကျင်းပသည့် ကဆုန်လပြည့်(ဗုဒ္ဓနေ့) ဓမ္မသဘင်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်၍ သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ ဟောကြားချီးမြှင့်တော်မူသည့် ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဆိုင်ရာ ဓမ္မကထာ ဒေသနာတော်ကို ရိုသေလေးမြတ်စွာ နာယူကြသည်။

ဥပ္ပါတသန္တိစေတီတော် မြတ်ကြီးနှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတို့အား ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၈၀ တို့က ဆီမီးတိုင်များဖြင့် လှည့်လည်ပူဇော်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ဗျာဒိတ်တော်ခံယူတော်မူခြင်း သရုပ်ပြယာဉ်။



ဖွားမြင်တော်မူခြင်း သရုပ်ပြယာဉ်။



ဘုရားပွင့်တော်မူခြင်း သရုပ်ပြယာဉ်။



ပရိနိဗ္ဗာန်စံတော်မူခြင်း သရုပ်ပြယာဉ်။





# ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီ၊ ပုထိုးများ၌ ကုသိုလ်ဒါနကောင်းမှုပြုကြသူများ၊ ညောင်ရေသွန်းလောင်းကြသူများဖြင့် စည်ကားများပြားလျက်ရှိ

ရန်ကုန် မေ ၂၂

ယနေ့သည် ဖွား၊ ပွင့်၊ ဟော၊ စံ ဗျာဒိတ်ခံသည့် ကဆုန်လပြည့် (ဗုဒ္ဓနေ့)ဖြစ်ပြီး ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ်ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီ၊ ပုထိုးများ၌ ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ ကုသိုလ်ဒါနကောင်းမှုပြုကြသူများ၊ ညောင်ရေသွန်းလောင်းကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့တို့ကြီးမှူးကျင်းပသည့် (၄၁) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲအခမ်းအနားကို ယနေ့ နံနက် ၅ နာရီခွဲမှစတင်၍ ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပသည်။

## ဆက်ကပ်လှူဒါန်း

ဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား အရုဏ်ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပွဲကို စေတီတော်ရင်ပြင်ရှိ ညှော့ခံတန်ဆောင်း၌ကျင်းပရာ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက ဗုဒ္ဓပူဇာအဖြစ် ဗုဒ္ဓမြတ်စွာဘုရားရှင်အား အရုဏ်ဆွမ်းတော်ကြီးနှင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီးများ ဆက်ကပ်လှူဒါန်းပူဇော်ပြီး စေတီတော်မြတ်ကြီးအား မြတ်ဘုရားရွှေတိဂုံဂါထာဖြင့် ရှိခိုးပူဇော်ခြင်း၊ နဝင်္ဂသီလခံယူဆောက်တည်ခြင်း၊ ဘုရားတရား၊ သံဃာဂုဏ်တော်များ ရွတ်ပွားပူဇော်ခြင်း၊ မေတ္တာဘာဝနာပွားများခြင်း၊ ဆုတောင်းအမျှဝေသာဓုခေါ်ဆိုခြင်းတို့ ဆောင်ရွက်ကြသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များသည် (၄၁) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကျင်းပရန် စေတီတော်ရင်ပြင်ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြပြီး အခမ်းအနားကျင်းပမည့် ရောင်တော်ဖွင့်တန်ဆောင်း၌ နေရာယူကြသည်။



ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့)တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ဆက်လက်၍ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများက ပရိဘောဂစေတီ (မဟာဗောဓိညောင်ပင်) အား ဗုဒ္ဓါဘိသေက မင်္ဂလာအနေကဇာတင်လှူပူဇော်ကြသည်။

## နဝင်္ဂသီလခံယူဆောက်တည်

ယင်းနောက်ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် စမ်းချောင်းမြို့နယ် နေနတ်သားစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တာထံမှ ညှော့ပရိသတ်များက နဝင်္ဂသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးလှမြင့်က ဗောဓိရုက္ခဥဒကပူဇာ မင်္ဂလာစာတမ်းလွှာကို ဖတ်ကြားလျှောက်ထားသည်။



ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့) တွင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



ရွှေတိဂုံစေတီတော်မြတ်ကြီး (၄၁) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲအခမ်းအနားတွင် ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများက ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။

## ရေစက်သွန်းချအမျှပေးဝေ

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊တာဝန်ရှိသူများက ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာ့တော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ သ.စ.အ ဓမ္မာစရိယ ဝဋံသကာပါဠိပါရဂူ၊ စေတိယင်္ဂဏပဝရ သိရီမဟာဓမ္မဂုရု၊ ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာဆရာတော်) ထံမှ အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

## ညောင်ရေသွန်းလောင်းပူဇော်

ယင်းနောက် ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများ၊ဂေါပကအဖွဲ့ဝင်များ၊ သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့ ဗုဒ္ဓစွယ်တော်တိုက်မှညှော့သည်တော်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများက ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးနှင့် တာဝန်ရှိသူများသည် ဆူးလေစေတီတော်၊ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့တို့က ကြီးမှူးကျင်းပသည့် ကဆုန်လပြည့် (ဗုဒ္ဓနေ့) ညောင်ရေသွန်းလောင်းပူဇော်ပွဲများသို့ သွားရောက်ကြပြီး စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညိုကြ၍ မဟာဗောဓိညောင်ပင်များအား ဘုရားဖူးလာပြည်သူများနှင့်အတူ ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

အလားတူ လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရှေးဟောင်းသမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၊ ရွှေဘုန်းပွင့်စေတီတော်၊ ဝရဒါဌာ ဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၊ မဟာဝိဇယစေတီတော်၊ သမိုင်းဝင် မဟာဓမ္မရံသီအိမ်တော်ရာစေတီတော်၊ ကျိုက္ကဆံစေတီတော်၊ ဆုတောင်းပြည့်မယ်လမုစေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ကိုးထပ်ကြီးဘုရားတို့၌လည်း သက်ဆိုင်ရာ စေတီတော်ဂေါပကအဖွဲ့ဝင်များ ကြီးမှူး၍ ညောင်ရေသွန်းလောင်းပူဇော်ပွဲများ ကျင်းပကြရာ ဆရာတော်ကြီးများထံမှ သီလခံယူခြင်း၊ ပရိတ်တရားတော်နှင့် ရေစက်ချတရားများနာယူခြင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ကပ်လှူပူဇော်ခြင်းများ ဆောင်ရွက်ကြပြီး ဘုရားဖူးလာပြည်သူများနှင့်အတူ မဟာဗောဓိပင်များအား ညောင်ရေသွန်းလောင်းကြကြောင်း သိရသည်။

## အထူးစည်ကားများပြား

ယနေ့ ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီ၊ ပုထိုးများ၌ ဘုရားဖူးလာပြည်သူများအား အလှူရှင်များက စတုဒိသာများ ကျွေးမွေးလှူဒါန်းကြရာ အထူးစည်ကားများပြားလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်း-ဓာတ်ပုံ ဇော်မင်းလတ် (MNA)

# ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် မန္တလေးမြို့လေးပြင်လေးရပ်ရှိ ဆရာတော် သံဃာတော် ၁၀၂၇၂ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လောင်းလှူပွဲအခမ်းအနားကျင်းပ



မန္တလေး မေ ၂၂

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သော ၁၃၈၆ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များက ကြီးမှူး၍ မန္တလေးမြို့ လေးပြင်လေးရပ်မှ ဆရာတော် သံဃာတော် ၁၀၂၇၂ ပါးအား ပင့်ဖိတ်၍ ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ လောင်းလှူပွဲအခမ်းအနားကို နံနက် ၆ နာရီက မန္တလေးမြို့ ကျုံးအရှေ့ဘက် (အရှေ့ပြင်)၊ အနောက်ဘက် (အနောက်ပြင်)၊ တောင်ဘက်(တောင်ပြင်)နှင့် မြောက်ဘက် (မြောက်ပြင်) တို့ရှိ သတ်မှတ် မင်္ဂလာမဏ္ဍပ်များ၌ တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ အလှူရှင်များက သာသနာတော်နှစ် ၂၅၆၇ နှစ်ပြည့်ပြီး ၂၅၆၈ နှစ်သို့ ကူးပြောင်းရောက်ရှိမှုအထိမ်းအမှတ်နှင့် နိုင်ငံသူ၊ နိုင်ငံသားများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ဆွမ်းလောင်းလှူပွဲ အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ၊ ဓမ္မိကာရာမတိုက်၊ မိတ္ထီလာကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သုဇနပီယ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိုင်းဒေသကြီး/ မြို့နယ် သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ပရိယတ္တိ စာသင်တိုက်ကြီးများမှ ဆရာတော်ကြီးများအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ မန္တလေးမြို့ လေးပြင်လေးရပ်တို့မှ ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော် ၁၀၂၇၂ ပါးတို့သည် ကျုံးလေးပြင်လေးရပ်ရှိ မင်္ဂလာမဏ္ဍပ်အသီးသီးတို့နှင့် ယာယီသီတင်းသုံးနေရာများတွင် သီတင်းသုံးတော်မူကြသည်။

ထို့နောက် မင်္ဂလာမဏ္ဍပ်အသီးသီး၌ နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ဆရာတော်ကြီးများထံမှ ညွှန့်ပရိသတ်များက ငါးပါးသီလ ခံယူကြကာ ဆရာတော် သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီးများထံမှ အနုမောဒနာ ရေစက်ချတရားနာယူကြသည်။

ယင်းနောက် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော်၊ သံဃာတော် ၁၀၂၇၂ ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ လောင်းလှူပွဲကို တစ်ပြိုင်တည်းကျင်းပကြရာ သတ်မှတ်ထားသည့် ဥပါသကာအဖွဲ့များက အစီအစဉ်များအတိုင်း ဆရာတော်ကြီးများအား ပင့်ဆောင်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အလှူရှင်ပြည်သူများက ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများကို တစ်ပြိုင်တည်း လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကျောင်းနေအရွယ် ကျောင်းနေဖို့ ကျောင်းအပ်သွားကြစို့

❑ ကျောင်းနေအရွယ် ကျောင်းနေဖို့
ကျောင်းသွား အပ်ကြစို့။

❑ မုတ်သုံမိုးတို့ လာချေပြီ
ပန်းများ ပွင့်တော့မည်။
ဖူးတံငုံစီ စိမ်းစိုစ
ရာသီအေးမြမြ။

❑ လာလေ လာကြ လိုက်ခဲ့ခေါ်
စာသင်ကျောင်းကိုနော်။
လူကောင်းလူတော် ဖြစ်ဖို့ရေး
မိဘ ဆရာ ဖေးကူပေး။

❑ မိမိရင်သွေး ရတနာ
ဘက်စုံတော်ဖို့ရာ၊
ကျောင်းသင်ပညာ စိတ်ဝင်စား
မှန်မှန်ကျက်မှတ်သွား။

❑ ရိုးသား ကြိုးစား ကျောင်းစာချွန်
ကောင်းရာ လမ်းပြညွှန်၊
ရည်ရည်မွန်မွန် နလုံးလှ
သားကောင်း ရတော့စွ။

❑ ကံကောင်းထောက်မ ခုချိန်ခါ
အေးချမ်း သာသာယာ၊
မြတ်လုပညာ သင်ကြားဖို့
ကျောင်းအပ်ချိန်မှာ ကျောင်းအပ်စို့။

ဖိုးလေးလုံးသောင်းကိုကို

✪ *ကျောဖုံးမှ*

မေလတတိယအပတ်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီး ပြိုင်ပွဲကာလအထိ လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။ မြန်မာကစားသမားများအနေဖြင့် ပန်းလှိုင်ဂေါက်ကွင်း၌ လေ့ကျင့်သင်ကြားလျက်ရှိပြီး ပန်းလှိုင်ဂေါက်ကွင်းမှလည်း လေ့ကျင့်ရေးကွင်းနှင့် ဆက်စပ်ပစ္စည်းများကို ပံ့ပိုးကူညီပေးထားသည်။ မြန်မာနိုင်ငံဂေါက်သီးအားကစား အဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် ပြိုင်ပွဲလေးခုအနက် Putra Cup ပြိုင်ပွဲ၊ Lion City Cup ပြိုင်ပွဲနှင့် Santi Cup ပြိုင်ပွဲတို့တွင် ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာကစားသမားများကို သင်ကြားပေးနေသည့် ထိုင်းပရော်ဖက်ရှင်နယ် ဂေါ့ဖ်ကစားသမား Tanapat Pichaikool သည် ၂၀၂၀ နှင့် ၂၀၂၃ ခုနှစ် All Thailand Golf Tour၊ Singha Thailand Master 2023 ပြိုင်ပွဲများတွင် ပထမဆုများကို ရရှိထားပြီး Bromsgrove International School နှင့် Mississippi State University တို့တွင် ပညာသင်ကြားခဲ့သူဖြစ်သည်။

မြန်မာအသင်းသည် ၂၀၁၈ ခုနှစ်ကလည်း မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် Southeast Asian Amateur Golf Team Championship ပြိုင်ပွဲတွင်လည်း ဩစတြေးလျနိုင်ငံသားကို နည်းပြခန့်အပ်ခဲ့ပြီး ယင်းပြိုင်ပွဲ၏ Loin City Cup ပြိုင်ပွဲတွင် အသင်းလိုက်ပထမဆုနှင့် Kartini Cup ပြိုင်ပွဲ၏ တစ်ဦးချင်းပြိုင်ပွဲတွင် ဒုတိယဆုတို့ကို ရရှိခဲ့သည်။

**ကိုညီလေး၊ ဓာတ်ပုံ-MGF**

## မြဝတီမြို့၌ ကျောင်းအပ်နှံရေးနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူ




မြဝတီ မေ ၂၂

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် "ကျောင်းနေအရွယ် ကလေးအားလုံး အခြေခံပညာ သင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍကို အဆင့်မြှင့်တင်ဖော်ဆောင်ပေးလျက်ရှိရာ ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာ သင်ယူနိုင်စေရေးအတွက် မေ ၂၁ ရက်က ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှေ့၌ ကျောင်းအပ်နှံရေးနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာ စိုက်ထူပေးကြောင်း သိရသည်။

အဆိုပါ ကျောင်းအပ်နှံရေးနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူပေးခြင်းကို မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း ဦးဆောင်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ကြီးကြပ်မှုကော်မတီနာယက ဦးမြင့်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အထိမ်းအမှတ်ပိုစတာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အောင်သပြေခက်ဖြင့် အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

**ဇာဖြူဝင်း(မြဝတီ)**

**ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။**







# ကဆုန်လပြည့်(ဗုဒ္ဓနေ့) အထိမ်းအမှတ် စာတမ်းဖတ်ပွဲကျင်းပ

နေပြည်တော် မေ ၂၂


**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကြီးမှူးကျင်းပသည့် ကဆုန်လပြည့် (ဗုဒ္ဓနေ့) အထိမ်းအမှတ် စာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။** (အပေါ်ပုံ)



ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကဝိဓဇ (ပါမောက္ခ) "ကဆုန်လပြည့်နေ့ မြတ်ဗုဒ္ဓ၏ ထူးခြားဖြစ်စဉ်များနှင့် မဟာဗောဓိပူဇာ" စာတမ်းဖတ်ကြားစဉ်။



ဆရာတော် ဒေါက်တာ ဘဒ္ဒန္တအာစိဏ္ဏ (ပါမောက္ခ/ဌာနမှူး) "ဝေဿန္တရာဇာတ်တော်မှ ဗုဒ္ဓလောင်းလျာဖွားတော်မူခြင်း" စာတမ်းဖတ်ကြားစဉ်။



ဆရာတော် ဒေါက်တာ ဘဒ္ဒန္တထေရိန္ဒ(ပါမောက္ခ) "သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ် ပွင့်တော်မူခြင်း" စာတမ်းဖတ်ကြားစဉ်။



ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကေသရ(ကထိက) "ဘုရင်ဗိမ္ဗိသာရနှင့် အနာထပိဏ်သူဌေးတို့၏ဘဝနှင့် ဓမ္မကိုလေ့လာခြင်း" စာတမ်းဖတ်ကြားစဉ်။

အခမ်းအနားသို့ စာတမ်းဖတ်ပွဲ သဘာပတိ ဆရာတော်ကြီးများဖြစ်ကြသည့် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဆရာတော်ဒေါက်တာ ဘဒ္ဒန္တကေသရနှင့် အပြည်ပြည် ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ၊ စာတမ်းရှင်ဆရာတော်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး သဘာပတိ ဆရာတော် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာ ဘဒ္ဒန္တ ကုမာရက အဖွင့်ဩဝါဒကထာ မိန့်ကြားချီးမြှင့်တော်မူသည်။

ထို့နောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် (စစ်ကိုင်း) မှ ပါမောက္ခ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကဝိဓဇက **"ကဆုန်လပြည့်နေ့တွင် ဗျာဒိတ်တော်ခံယူတော်မူခဲ့သည့် မြတ်ဗုဒ္ဓ၏ ထူးခြားဖြစ်စဉ်များနှင့် မဟာဗောဓိပူဇာ"** စာတမ်းနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ပါမောက္ခ/ဌာနမှူး ဆရာတော် ဒေါက်တာ ဘဒ္ဒန္တအာစိဏ္ဏက **"အလောင်းတော်မြတ်၏ ပါရမီခရီး၊ ဝေဿန္တရာမင်းအဖြစ် မွေးဖွားခြင်း"** စာတမ်းတို့ကို ဖတ်ကြားကြပြီး စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသူများက စာတမ်းများနှင့် စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းလျှောက်ထားကြရာ စာတမ်းရှင်ဆရာတော်များက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် သဘာပတိဆရာတော် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကေသရက ဩဝါဒကထာ မိန့်ကြားချီးမြှင့်တော်မူသည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) အဘိဓမ္မပိဋကမဟာဌာန ပါမောက္ခ/ ဌာနမှူး ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ထေရိန္ဒက **"သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ် ပွင့်တော်မူခြင်း"** စာတမ်းနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန၊ ကထိကဆရာတော် ဘဒ္ဒန္တကေသရ က **"ဘုရင်ဗိမ္ဗိသာရနှင့် အနာထပိဏ်သူဌေးတို့၏ဘဝနှင့် ဓမ္မကို လေ့လာခြင်း"** စာတမ်းတို့ကို ဖတ်ကြားကြပြီး စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသူများက စာတမ်းများနှင့် စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းလျှောက်ထားကြရာ စာတမ်းရှင်ဆရာတော်များက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သဘာပတိဆရာတော်ကြီးများနှင့် စာတမ်းရှင် ဆရာတော်များအား စာတမ်းဖတ်ပွဲအခမ်းအနား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် သဘာပတိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒက နိဂုံးချုပ်ဩဝါဒကထာ မိန့်ကြားချီးမြှင့်တော်မူပြီး အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## ပုသိမ်မြို့ သမိုင်းဝင်ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၌ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာ ကျင်းပ



နေပြည်တော် မေ ၂၂

၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့် (ဗုဒ္ဓနေ့)အား ရည်မှန်း၍ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ သမိုင်းဝင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးရှိ ဦးမောင်ကြီး အရုဏ်ခံတန်ဆောင်းအတွင်း၌ ပြုလုပ်ရာ ပုသိမ်မြို့ နိဂြောဓာရုံညောင်ပင်သာ ပရိယတ္တိစာသင်တိုက်ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိသုတ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝေလင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကြွရောက်တော်မူကြသော စေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးကိုးပါးတို့က တံခွန်ကုက္ကား၊ မုလေးပွားများ ဆက်ကပ်၍ ရင်ပြင်တော်ပေါ်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူ ပူဇော်ခဲ့ပြီး တက်ရောက် လာကြသူများက ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရေစက်ချအလှူတော်မင်္ဂလာအား ဆက်လက်ပြုလုပ်ရာ သံဃာတော်များနှင့် တက်ရောက် လာကြသူများက "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး နိဂြောဓာရုံညောင်ပင်သာ ပရိယတ္တိစာသင်တိုက်ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြကာ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များအား နာယူကြည်ညိုကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက် လာကြသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပုသိမ်မြို့ မရမ်းချိုပရိယတ္တိစာသင်တိုက်ဆရာတော် ဧရာဝတီတိုင်းဒေသကြီး သံဃနာယက အဖွဲ့ ဩဝါဒါစရိယ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သောဘိတထံမှ အနုမောဒနာတရား နာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက် လာကြသူများက ပုသိမ်မြို့ သမိုင်းဝင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ သံဃာတော် ၂၂၁၉ ပါးနှင့် သာသနာ့နွယ်ဝင် သီလရှင် ၁၂၉ ပါးတို့အား ဆွမ်းဆန်တော်များနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော် ဓာတုစယဓာတ်ပေါင်းစုစေတီတော်မြတ်ကြီး ပရိဝုဏ်တော် အရှေ့ဘက်အရပ်ရှိ မဟာဗောဓိညောင်ပင်တော်အား (၁၄)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း အခမ်းအနားကျင်းပ






**နေပြည်တော် မေ ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိဓာတုစယဓာတ်ပေါင်းစု စေတီတော်မြတ်ကြီးပရိဝုဏ်တော် အရှေ့ဘက်အရပ်ရှိ မဟာဗောဓိညောင်ပင်တော်အား (၁၄) ကြိမ်မြောက် ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ခြင်းမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း၌ ကျင်းပရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးသန်းထွန်းဦး၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့် နေပြည်တော် စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများ၊ ဧည့်သည်တော်များ တက်ရောက်ကြည်ညိုကြသည်။

**ဖတ်ကြားပူဇော်**

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ စတင်ဖွင့်လှစ်ကာ အခမ်းအနားမှူးက မဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ရန် ပန်ကြားသည့် မဟာဗောဓိရုက္ခသိဒ္ဓနပူဇာ ဂါထာတော်ကို ဖတ်ကြားပူဇော်သည်။

**ညောင်ရေသွန်းလောင်း**

ထို့နောက် နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ဧည့်သည်တော်များက မဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေ သွန်းလောင်း ပူဇော်ကြသည်။

ယင်းနောက် အခမ်းအနားမှူးက အောင်ဆုမင်္ဂလာအမျှဝေစာတမ်းကို ဖတ်ကြားအမျှပေးဝေပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားပြီးမြောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် မန္တလေးမြို့လုံးအနှံ့ ဗောဓိညောင်ပင်များအား ညောင်ရေသွန်းလောင်းသူများ၊ ဆွမ်းဆန်စိမ်းလောင်းလှူ ကုသိုလ်ပြုသူများဖြင့် အထူးစည်ကား



**မန္တလေး မေ ၂၂**

ကဆုန်လပြည့် (ဗုဒ္ဓနေ့) သည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်များအတွက် မင်္ဂလာရှိသော နေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရားစေတီပုထိုးများ၌ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူ ပူဇော်ပွဲများနှင့် ပရိဘောဂစေတီထိုက်သော ဗောဓိညောင်ပင်တို့အား ညောင်ရေသွန်းလောင်းပူဇော်ပွဲများ ကျင်းပခြင်း၊ မန္တလေးမြို့လုံးအနှံ့တွင် ကုသိုလ်ရှင်များက ဆရာတော်သံဃာတော်များအား ဆွမ်းဆန်တော်များ လောင်းလှူခြင်းနှင့် စတုဒိသာ ကျွေးမွေးလှူဒါန်း ကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့ နံနက် ၄ နာရီတွင် မဟာမုနိရုပ်ရှင်တော်မြတ်အား ရေတော်ဆရာတော် အမှူးပြု၍ ဘုရားကြီးမျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ဂေါပကအဖွဲ့ဝင်များ၊ ရဟန်းရှင်လူပြည်သူများ ဓမ္မစကြာဝတ်အသင်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာသူများက ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူပူဇော်ခြင်း၊ ခုနစ်နေ့နံဘုရားများတွင် ရေသပ္ပာယ်ခြင်း၊ ဥပုသ်သီလ ဆောက်တည်ကြခြင်းများအပြင် မဟာမုနိပရိဝုဏ်အတွင်း အင်္ဂါထောင့်ရှိ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်သူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဆိုင်ရာ မင်္ဂလာအခမ်းအနားများကို ဘာသာရေးဆိုင်ရာ ထုံးတမ်းအစဉ်အလာများနှင့်အညီ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ကျင်းပရာ နံနက် ၆ နာရီမှစတင်၍ နန်းမြို့ရိုးတစ်ဖက်လျှင် သံဃာတော် ၂၅၆၈ ပါးစီဖြင့် မန္တလေးမြို့ ကျုံးလေးပြင်လေးရပ်တွင် သံဃာတော် ၁၀၂၇၂ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း ပူဇော်ပွဲများကို သတ်မှတ်မင်္ဂလာမဏ္ဍပ်များ၌ တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပရာ ဌာနဆိုင်ရာများ၊ လူမှုအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများ တက်ရောက်ကြည်ညိုကြပြီး ဆရာတော် သံဃာတော်များအား ဆေးဝါးများနှင့် လှူဖွယ်ပစ္စည်းများကိုသဒ္ဓါတရားထက်သန်စွာဖြင့် လောင်းလှူကြသည့် ပုံရိပ်များသည်လည်း ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ကြည်ညိုဖွယ်ရာ မြင်ကွင်းအဖြစ် တွေ့မြင်ကြရသည်။

အလားတူ မန္တလေးမြို့တွင်းရှိ ရွှေကျီးမြင်ဘုရား၊ ဘုရားနီဘုရား၊ ဆုတောင်းပြည့်ဆုတောင်းရဘုရား၊ ကျောက်တော်ကြီး၊ ကုသိုလ်တော်၊ သကျသီဟဘုရား၊ ကျောက်စိမ်းစေတီတော်၊ အောင်တော်မူမြတ်စွာဘုရား၊ ချမ်းသာကြီးဘုရားနှင့် ချမ်းသာရဘုရားတို့တွင် လည်း ဘုရားဖူးလာသူများ၊ ညောင်ရေသွန်းလောင်းသူများဖြင့် အထူးစည်ကားလျက်ရှိပြီး အလှူရှင်များကလည်း စတုဒိသာ ကြာဆံဟင်း၊ ရေသန့်၊ အချိုရည်များဖြင့် လှူဒါန်းတိုက်ကျွေးကြသည်။

ထို့အတူ မဟာအောင်မြေမြို့နယ် ဗောဓိကုန်းရပ်တွင် တည်ရှိသော မင်းတုန်းမင်းတရားကြီး စိုက်ပျိုးလှူဒါန်းခဲ့သည့် ဗောဓိညောင်ပင်၊ မန္တလေးတောင်ခြေရှိမဟာဗောဓိညောင်ပင်တို့တွင်လည်း ညောင်ရေသွန်းလောင်းပူဇော်ပွဲများ ကျင်းပကြပြီး ညောင်ရေသွန်းလောင်းပူဇော်ကြသူများနှင့် ဘုရားဖူးလာပြည်သူများကို အလှူရှင်များက အအေးစတုဒိသာများဖြင့် တိုက်ကျွေးကုသိုလ်ပြုကြသည်။

ညနေပိုင်းတွင်လည်း မြို့နယ်၊ ရပ်ကွက်များရှိ ဘုရားများတွင် စိုက်ပျိုးထားရှိသည့် မဟာဗောဓိညောင်ပင်များ၌လည်း ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကာ ကုသိုလ်ကောင်းမှု ပြုလုပ်သူများဖြင့် မန္တလေးမြို့လုံးအနှံ့ စည်ကားလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်**

# အုတ်တွင်းမြို့နယ်၌ တောင်သူများအား မိုးရာသီစိုက်စရိတ် ချေးငွေထုတ်ပေး

**အုတ်တွင်း မေ ၂၂**

အုတ်တွင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ အုတ်တွင်းမြို့နယ်ဘဏ်ခွဲ၌ ၂၀၁၉ ခုနှစ် မိုးရာသီ ချေးငွေအတွက် မိုးစပါးစိုက်ပျိုးမည့် တောင်သူများအား မေ ၂၀ ရက်က အဆိုပါရုံး၌ စတင်ထုတ်ပေးသည်။



အဆိုပါ ၂၀၁၉ ခုနှစ် မိုးရာသီ ချေးငွေကို ကျေးရွာအုပ်စု ၄၇ အုပ်စုရှိ လူဦးရေ ၉၇၀၀၊ ဧက ၆၀၀၀၀ အတွက် ထုတ်ချေးပေးရန် ငွေကျပ်သိန်း ၉၀၀၀၀ ထုတ်ချေးရန် လျာထားဆောင်ရွက်လျက်ရှိရာ ယနေ့တွင်အုတ်ဖိုကျေးရွာအုပ်စု အုတ်ဖိုကျေးရွာတောင်သူ ၅၄ ဦး၊ ၃၅၇ ဧကအတွက် ချေးငွေ ကျပ်သိန်း ၅၃၅ ဒသမ ၅၀ ထုတ်ချေးပြီးဖြစ်ကြောင်း သိရသည်။

၂၀၁၉ ခုနှစ် မိုးရာသီအတွက် မိုးစပါးချေးငွေထုတ်ချေးပေးခြင်းအတွက် တောင်သူများ စားဝတ်နေရေး အဆင်ပြေချောမွေ့စွာ နေထိုင်နိုင်ရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း မြို့နယ်မန်နေဂျာ ဒေါ်ခင်ဆွေဦးထံမှ သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

# မိုးညှင်းမြို့၌ ၂၀၁၉ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေပေးအပ်

**မိုးညှင်း မေ ၂၂**

ကချင်ပြည်နယ် မိုးညှင်းမြို့၌ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခရိုင်ဘဏ်ခွဲမှ ၂၀၁၉ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများကို စတင် ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ရွာသစ်ကုန်း ကျေးရွာမှ တောင်သူ ၄၂ ဦး၊ ဧက ၂၃၀အတွက် ချေးငွေကျပ် ၃၄၅ သိန်းအား မေ ၂၁ ရက်က အဆိုပါဘဏ်ခွဲ၌ ထုတ်ချေးပေးရာ မိုးညှင်းခရိုင်ဘဏ်ခွဲမှ တာဝန်ခံမန်နေဂျာ ဒေါ်ယဉ်ယဉ်စိုးက တောင်သူများကို ချေးငွေစည်းကမ်းသတ်မှတ်ချက်များနှင့် သီးနှံအာမခံထားရှိရမည့် အကြောင်းအရာများကို ပြောကြားပြီး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက စိုက်ပျိုးစရိတ် ချေးငွေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



မိုးညှင်း မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၄၃ အုပ်စုမှ တောင်သူ ၆၅၀၀အား တစ်ဧကလျှင် ငွေကျပ် တစ်သိန်းခွဲနှုန်းဖြင့် မိုးစပါးစိုက်ဧက ၄၇၉၈၆ ဧကအတွက် ချေးငွေစုစုပေါင်း ငွေကျပ်သိန်း ၇၀၀၀၀ ကျော် ထုတ်ချေးပေးရန် လျာထားကြောင်း သိရသည်။

**ရွှေမိုးညှင်း**

# ကဆုန်လပြည့်(ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းပွဲတော်အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ စည်ကားသိုက်မြိုက်စွာကျင်းပ

**နေပြည်တော် မေ ၂၂**

ကဆုန်လပြည့်နေ့ဖြစ်သည့် ယနေ့သည် ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့ဘဝတွင် ဒီပင်္ကရာ မြတ်ဘုရားခြေတော်ရင်း၌ နိယတဗျာဒိတ်ပန်းဆင်မြန်းခဲ့သော နေ့ဖြစ်ခြင်း၊ သိဒ္ဓတ္ထမင်းသားအဖြစ် ဖွားမြင်သောနေ့ဖြစ်ခြင်း၊ မြတ်စွာဘုရားရှင်သည် ဗောဓိဟူသည့် သဗ္ဗညုတဉာဏ်တော်ကို ရရှိပြီး ဘုရားအဖြစ်သို့ ရောက်ရှိတော်မူသော နေ့ဖြစ်ခြင်းနှင့် မြတ်ဘုရားပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့ဖြစ်ခြင်း တို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အတွက် အလွန်ပင်ထူးခြားမွန်မြတ်သည့် နေ့ထူးနေ့မြတ်ဖြစ်သည်။

မဟာဗောဓိပင်ဆိုသည်မှာ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားဖွားမြင်တော်မူသောနေ့တွင် အတူတကွဖြစ်ထွန်းပေါ်ပေါက်ခဲ့သည့် ဖွားဖက်တော်ခုနစ်ပါးထဲတွင် တစ်ပါးအပါအဝင်ဖြစ်ပြီး သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ရှိစေရန် များစွာအထောက်အကူပြုခဲ့သည့်အတွက် မဟာဗောဓိပင်သည် ပရိဘောဂစေတီထိုက်သော စေတီတော်တစ်ဆူလည်း ဖြစ်ပါသည်။ ကဆုန်လသည် မြေခတ်တွင် ရေပြတ်လပ်သည့် နွေကာလဖြစ်သည့်အတွက် ဗောဓိပင်တော်များကို ကဆုန်ညောင်ရေသွန်းလောင်းခြင်းသည် မဟာဗောဓိပင်များ စိမ်းလန်းစိုပြည်၍ အခက်အလက်တို့ ဝေဆာစေခြင်း၊ သက်တမ်းရှည်စေခြင်းနှင့် သက်တော်ထင်ရှားရှိသော ဘုရားရှင်အား ပူဇော်ရာ ရောက်ခြင်းတို့ကြောင့် တည်ငြိမ်အေးချမ်း၍ သာယာဝပြောသောနိုင်ငံအဖြစ် တည်ရှိစေရုံသာမက နိုင်ငံသူ နိုင်ငံသားများအားလုံးကိုလည်း နှလုံးစိတ်ဝမ်းအေးချမ်းစေလျက် တူညီသော အကျိုးတရားများကို ဖြစ်ထွန်းစေမည်ဖြစ်သည်။

ကဆုန်ညောင်ရေ သွန်းလောင်းခြင်းသည် ညောင်ပင်များကို ညိုးနွမ်းခြောက်သွေ့ခြင်းမရှိဘဲ



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်း ရွှေတိဂုံစေတီတော်မြတ်ကြီး၌ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်စဉ်။



ရှင်သန်သကဲ့သို့ ဘုရားရှင်၏ သာသနာတော်သည် ရှင်သန်လျက်ရှိနေမည်သာ ဖြစ်ပါကြောင်းနှင့် ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ကဆုန်လပြည့်နေ့တွင် မဟာဗောဓိပင်ကိုအမှီပြု၍ သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိတော်မူခဲ့ခြင်းကြောင့် ဗုဒ္ဓဘာသာဝင်များက မြတ်စွာဘုရားရှင်အား ရည်မှန်းအာရုံပြု၍ ကျင်းပလေ့ရှိသည့် မြန်မာ့ရိုးရာ ဆယ့်နှစ်လရာသီပွဲတော်များအနက် "ကဆုန်လပြည့် (ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းပွဲတော်" ကို အစဉ်အလာအရ ကျင်းပသည့်ပွဲတော်အဖြစ် သတ်မှတ်ခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။

ထိုသို့ ကဆုန်ညောင်ရေ သွန်းလောင်းပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရားပုထိုးစေတီများ၌ ထုံးတမ်းစဉ်လာများအတိုင်း ယနေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ၊ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြပြီး သတ်မှတ်နေရာများအလိုက် မဟာဗောဓိပင်များကို ညောင်ရေသွန်းလောင်းလှူကြ၍ အမွှေးနံ့သာရည်များ ပက်ဖျန်းခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြသည်။

ထို့ပြင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အားရည်မှန်း၍ ဥပုသ်သီလ ဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ကုသိုလ်ဒါန သီလပွားများခြင်း စသည့် သူတော်ကောင်းတရားများကို အားထုတ်ဆောင်ရွက်ကြသည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌လည်း အများပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် စည်ကားသိုက်မြိုက်စွာ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာစာ မြန်မာစကား

### မီ နှင့် မှီ

ဟထိုးမဲ့ **မီ** နှင့် ဟထိုးရှိ **မှီ** ကို မှားရေးတတ်ကြသည်။ မှားရေးတတ်ကြသည့် အကြောင်းရင်းမှာ စကားပြောရာတွင်ဖြစ်စေ၊ စာဖတ်ရာတွင်ဖြစ်စေ **မီ** နှင့် **မှီ** အသံတူနေသောကြောင့် ဖြစ်သည်။ **မီ** ဟု ရေးသော်လည်း **မှီ** ဟု ပြောကြ၊ ဖတ်ကြသဖြင့် ဟထိုးမဲ့ **မီ** ကို ဟထိုးရှိ **မှီ** ဟု ထင်မှတ်မှားယွင်းရေးသားကြခြင်း ဖြစ်သည်။

အမှန်စင်စစ် **မီ** နှင့် **မှီ** မရောထွေးသင့်။

**မီ** ကား **မိ** နှင့် အနက်ရင်းတူပါသည်။ **ထိမိ၊ ဆက်စပ်၊ ပူးတွဲ၊ ပေါင်းယှဉ်၊** ညီမျှသည့် အနက်ဖြစ်ပါသည်။

ရှေ့မှပြေးသူကို လိုက်၍**မီ**သည်ဟု ဆိုရာတွင် လိုက်၍**မိ**သည် ဟူသော အနက်ဖြစ်သဖြင့် **မီ** သည်ဟုသာ ဟထိုးမဲ့ရေးရသည်။ အမြင့်တွင်၊ ဘေးတွင်၊ အနိမ့်တွင် ရှိနေသည့် အရာဝတ္ထု တစ်စုံတစ်ခုကို လက်လှမ်းမီသည်ဟု ဆိုလျှင်လည်း လှမ်း၍**မိ**သည် ဟူသောအနက်ပင် ဖြစ်သဖြင့် ဟထိုးမဲ့ မီ နှင့်ပင် ရေးရသည်။ အချိန်မီသည်တွင် **မီ** ၏အနက်မှာ **ထိမိ၊ ဆက်စပ်၊ ပူးတွဲ၊ ပေါင်းယှဉ်၊** ညီမျှ အနက်ပင်ဖြစ်သည်။ သတ်မှတ်သောအချိန်နှင့် ထိမိဆက်စပ် ပေါင်းယှဉ် ညီမျှသည်ဟု ဆိုလိုသည်။ မလျော့မပို ဖြစ်သည်ဟု ဆိုလိုသည်။ ထို့အတူပင် ရထား**မီ**သည်၊ ရထားချိန်**မီ**သည်၊ ကျောင်း**မီ**သည်၊ ကျောင်းချိန်**မီ**သည် စသည်တို့၌လည်း နည်းတူဖြစ်သည်။ စံချိန်**မီ**သည်၊ စံ**မီ**သည်ဆိုသည်မှာ စံနှင့်မလျော့မပို ဖြစ်သည်။ စံနှင့်ကိုက်ညီသည်ပင် ဖြစ်သည်။ ခေတ်**မီ**သည်ဆိုသည်မှာ ခေတ်နှင့် ကိုက်ညီသည်၊ ခေတ်နှင့် လိုက်လျောညီထွေရှိသည်ဟု ဆိုလိုသည်။ ၁၅-ရက်နေ့ အ**မီ**ဆိုရာ၌လည်း ၁၅-ရက်နေ့ကို မကျော်မလွန် မပိုစေဘဲ၊ ၁၅-ရက်နေ့နှင့် ကိုက်ညီစွာဟုပင် ဆိုလိုပေသည်။

ထို့ကြောင့်လည်း မြန်မာစာအဖွဲ့က ပြုစုထုတ်ဝေသော မြန်မာအဘိဓာန်တွင် **မီ** ကို "**မီ**၊ ကြိ- လှမ်း၍ ရောက်နိုင်၊ ထိနိုင်သည်။ တိုင်ရောက်သည်"ဟု အနက် ဖွင့်ဆိုထားခြင်း ဖြစ်သည်။

အချုပ်ဆိုသော် **မီ**သည့်အနက်၊ တူညီ၊ ကိုက်ညီ၊ ညီမျှသည့် အနက်ကို ဆိုလိုပါက ဟထိုးမဲ့ **မီ** ကို အသုံးပြုရန် ဖြစ်ပါသည်။ ခေတ်**မီ**သည်၊ စံ**မီ**သည်၊ ရထား**မီ**သည်၊ လိုက်**မီ**သည်၊ လှမ်း**မီ**သည်၊ အချိန် **မီ**သည် စသည်တို့ကဲ့သို့သော ကြိယာဖြစ်သော **မီ** အကြောင်းကို ရှင်းလင်းပြီးနောက် ပစ္စည်းစကားလုံးဖြစ်သော **မီ** အကြောင်းကို ရှင်းလင်းရန် ရှိပေသည်။

ယင်း **မီ** ကို **မ** နှင့် တွဲ၍ သုံးလေ့ရှိသည်။ မကြာမီ၊ မစား**မီ**၊ မပြောမီ၊ မလာ**မီ**၊ မသွား**မီ** စသည်ဖြင့် သုံးသည်။ ခင် ဟူသော စကားနှင့် ဖလှယ်၍ သုံးနိုင်သည်။ မကြာခင်၊ မစားခင်၊ မပြောခင်၊ မလာခင်၊ မသွားခင် ဟူ၍ဖြစ်သည်။ ကြိယာ **မီ** ၏ အနက်ဖြစ်သည့် ထိမိ၊ တိုင်ရောက်သည့် အနက်ပင်ဖြစ်သည်။ မကြာ**မီ**ဆိုသည်မှာ ကြာသည့်ကာလသို့ မတိုင်ရောက်သေးဘဲ ဟူသောအနက် ဖြစ်သည်။ မပြော**မီ**၊ မလာ**မီ**၊ မသွား**မီ** စသည်တို့တွင်လည်း ပြောခြင်း၊ လာခြင်း၊ သွားခြင်းသို့ မတိုင်ရောက်သေးဘဲ ဟူသော အနက်ပင်ဖြစ်သည်။

ထို့ကြောင့်လည်း မြန်မာအဘိဓာန်တွင် "**မီ၊ စည်း-"မ"** နှင့်တွဲ၍ အချိန် မတိုင်သေးခင် အနက်ဖြင့် ထောက်ပံ့သော စကားလုံး"ဟု အနက်ဖွင့်ဆိုထားခြင်း ဖြစ်ပေသည်။

ဟထိုးရှိ **မှီ** ၏အနက်မှာ **မှီ**စေသည်၊ **မှီ**အောင်ပြုသည် ဟူသောအနက် ရှိပေသည်။ တိုင်ကို**မှီ**သည် ဟုဆိုသည်မှာ တိုင်နှင့်ထိအောင် **မှီ**အောင်ပြုသည်၊ တိုင်ကို**မှီ**စေသည်၊ တိုင်ကို **မှီ**စေသည်ပင်ဖြစ်သည်။ အရာဝတ္ထုတစ်ခုခု၊ အကြောင်းအရာတစ်ခုခုတွင် မှီရရ တွယ်ကပ်ချိတ်ဆွဲ ထိမိစေသည်ကိုပင် **မှီ**သည်ဟု ဆိုသည်။



ထို့ကြောင့် မြန်မာအဘိဓာန်တွင် "**မှီ**၊ ကြိ-၁၊ တစ်စုံတစ်ရာကို ယှဉ်ကပ် အားပြုသည်။ ၂။ အားကိုး အားထားပြုသည်"ဟု အနက်ဖွင့်ဆိုထားပေသည်။ ဟထိုးရှိ **မှီ** ကို "**မှီခို**သည်၊ **မှီငြမ်းပြုသည်၊ မှီတင်းသည်၊ မှီဝဲသည်၊ မှီအုံး**"စသည်ဖြင့် သုံးစွဲလေ့ရှိသည်။

**ရှေးထုံးငယ်စံမီ၊ မှီငြမ်းငယ်ပြုပါလို့။**
**မီ နှင့် မှီ မရှုပ်ထွေးအောင်၊ ရေးကြပါစို့။**




မြန်မာစာ မြန်မာစကားစာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။



ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အတုလာဓိပတိမဟာမုနိသကျကိုးထပ်ကြီးဘုရား၌ ကဆုန်လပြည့် (ဗုဒ္ဓနေ့) ညောင်ရေသွန်းလောင်းပူဇော်သူများဖြင့် စည်ကားများပြားနေသည်ကို တွေ့ရစဉ်။

တင်ဝင်းလေး (ကြည့်မြင်တိုင်)



ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ (၇၃) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းလှူပူဇော်ပွဲအား စည်ကားပျော်ရွှင်စွာ ကျင်းပစဉ်။

ကိုတွတ်(ပြန်/ဆက်)



သန်လျင်ခရိုင် သန်လျင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် (၇၇) ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ကဆုန်ညောင်ရေသွန်းလောင်းရန် မေ ၂၂ ရက် (ကဆုန်လပြည့်နေ့)တွင် သာသနာ့ဗိမာန်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။

သန်းဝင်း (သန်လျင်)

# လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူကျောင်းတိုက်ရှိ ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း



**နေပြည်တော် မေ ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူဘုန်းတော်ကြီးကျောင်းရှိ ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါဘုန်းတော်ကြီးကျောင်း၌ပြုလုပ်ရာ သီရိမင်္ဂလာမန်ဆူကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် မြို့နယ်သံဃနာယက ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနစရိယ ဒေါက်တာဘဒ္ဒန္တပုညနန္ဒ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ် နိုင်နိုင်ဦး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးတင့်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

**လှူဖွယ်ပစ္စည်းများ ဆက်ကပ်**

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်ချုပ် နိုင်နိုင်ဦး၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သီရိမင်္ဂလာမန်ဆူဘုန်းတော်ကြီးကျောင်း ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး မေတ္တာသုတ်ပရိတ်တရားတော်များ နာကြားကာ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ် နိုင်နိုင်ဦး၊ တိုင်းမှူးနှင့် စေတနာရှင်အလှူရှင်များက ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများအတွက် တိုင်းစစ်ဌာနချုပ်နှင့် စေတနာရှင်အလှူရှင်များက စုပေါင်းလှူဒါန်းသည့် ဆန် ၃၁၇ အိတ်၊ ဆီ ၉၅ ပိဿာ၊ ပဲ၊ ဆားနှင့် စားသောက်ဖွယ် ရာများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# လူငယ်ဘောလုံးဖွံ့ဖြိုးရေး၊ အမျိုးသမီးဘောလုံးဖွံ့ဖြိုးရေး၊ အကယ်ဒမီနှင့် လူငယ်ပြိုင်ပွဲများအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဂျပန်ဘောလုံးအဖွဲ့ချုပ် ပူးပေါင်းဆောင်ရွက်ရန် လက်မှတ်ရေးထိုး

**ရန်ကုန် မေ ၂၂**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF) သည် လူငယ်ဘောလုံးဖွံ့ဖြိုးရေး၊ အမျိုးသမီးဘောလုံးဖွံ့ဖြိုးရေး၊ အကယ်ဒမီကျောင်းများနှင့် လူငယ်အသင်း ပြိုင်ပွဲများအတွက် ဂျပန်ဘောလုံးအဖွဲ့ချုပ် (JFA) နှင့် ပူးပေါင်းဆောင်ရွက်ရန် နှစ်ဖက်နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခြင်းကို မေ ၂၂ ရက် နံနက်ပိုင်းက ဂျပန်နိုင်ငံ၌ ပြုလုပ်သည်။

ဂျပန်နိုင်ငံရှိ JFA ရုံးချုပ်တွင် MoU ရေးထိုးပြီး အာရှဘောလုံးအဖွဲ့ချုပ် (AFC) Senior Vice President၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဂျပန်ဘောလုံးအဖွဲ့ချုပ် (JFA) ဥက္ကဋ္ဌ Tsuneyasu Miyamoto တို့ တက်ရောက်လက်မှတ်ရေးထိုးကြသည်။ နှစ်ဖက်ဘောလုံးအဖွဲ့ချုပ် ပူးပေါင်းဆောင်ရွက်ခြင်းကို ကနဦးသုံးနှစ်ထားရှိရန် သဘောတူညီခဲ့ပြီး နည်းစနစ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒိုင်လူကြီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးဘောလုံးဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။




ဧရာဝတီဖောင်ဒေးရှင်း၏ပံ့ပိုးမှုဖြင့် မြန်မာလူငယ် ယူ - ၁၂ အသင်းကို ဘာစီလိုနာ၊ ဂျူဗင်တပ်စ်၊ ဂျပန်၊ J League လူငယ်ကလပ်များ ပါဝင်ယှဉ်ပြိုင်မည့် ယူ-၁၂ နိုင်ငံတကာ ဖိတ်ခေါ်လူငယ်ပြိုင်ပွဲသို့ စေလွှတ်ယှဉ်ပြိုင်မည်ဖြစ်သည်။

ကိုညီလေး၊ ဓာတ်ပုံ - MFF

# နိုင်ငံတော်အစိုးရမှ ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

**ရန်ကုန် မေ ၂၂**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့နေရပါက နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေတွင် တွေ့ကြုံနေရသည့်တိုင် မြန်မာသံရုံးနှင့် သက်ဆိုင်ရာသံရုံးများ ချိတ်ဆက်ပြီး အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာ အမြန်ဆုံး ပြန်လည်ရောက်ရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

**အဆင်ပြေချောမွေ့စွာ ရောက်ရှိ**

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံးအနေဖြင့် ရီရတ်ဒ်မြို့ရှိ အာဏာပိုင်များနှင့်ညှိနှိုင်း၍ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မြန်မာနိုင်ငံသူ မအေးအေးပိုင်သည် မေ ၂၁ ရက်က ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့မှ ဒေသစံတော်ချိန် ည ၁၂ နာရီ မိနစ် ၅၀ တွင် လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ပြီး Muscat မြို့နှင့် ဘန်ကောက်မြို့တို့မှတစ်ဆင့် ရန်ကုန်မြို့သို့ ယနေ့နံနက် ၉ နာရီ ၅ မိနစ်တွင် ပြန်လည်ရောက်ရှိခဲ့သည်။




မအေးအေးပိုင်

မြန်မာနိုင်ငံသူ မအေးအေးပိုင်သည် ရီရတ်ဒ်မြို့တွင် အလုပ်လုပ်ကိုင်စဉ် အလုပ်ပင်ပန်းမှု၊ အိမ်ရှင်နှင့်ဆက်ဆံရေး အဆင်မပြေမှုတို့ကြောင့် မြန်မာနိုင်ငံသို့ ပြန်လိုသည့်အတွက် အိမ်ရှင်မှ မြန်မာသံရုံးသို့ လာရောက်ပို့ဆောင်ခဲ့ရာ သံရုံးမှနေရာထိုင်ခင်းနှင့် စားသောက်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့သည်။ ဆော်ဒီအာရေဗျနိုင်ငံမှ အမြန်ဆုံးပြန်လည်ထွက်ခွာနိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ပြန်လည်ထွက်ခွာခွင့်ရရှိခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ အဆင်ပြေချောမွေ့စွာ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့၌ အခက်အခဲကြုံတွေ့ခဲ့ရမှုကို မအေးအေးပိုင်က "ကျွန်မကမြင်းခြံမှာနေပါတယ်။ ရီရတ်ဒ်မှာ လေးလအလုပ်လုပ်ခဲ့ပါတယ်။ ကိုယ့်မြန်မာနိုင်ငံနဲ့မတူတဲ့ ယဉ်ကျေးမှု၊ အစားအသောက်၊ အနေအထိုင်၊ ဘာသာစကားစတဲ့အခက်အခဲတွေကြောင့် နေထိုင်ရတာ အဆင်မပြေတဲ့အတွက် မြန်မာသံရုံးကို အကူအညီတောင်းခံပြီး ပြန်လာခဲ့တာပါ။ မြန်မာအမျိုးသမီးများကို အကြံပေးလိုပါတယ်။ အတတ်နိုင်ဆုံး ပြည်ပမှာ အလုပ်လုပ်မယ်ဆိုရင် အဲဒီနိုင်ငံရဲ့အကြောင်းကို ပထမဆုံး ထဲထဲဝင်ဝင်သိရှိပြီးမှ သွားသင့်ပါတယ်။ ကိုယ့်နိုင်ငံထက် ဝင်ငွေကောင်းတယ်ဆိုတဲ့ ငါးစာတစ်ချက်နဲ့ နားမယောင်မိဖို့ တိုက်တွန်းလိုပါတယ်။ အမျိုးသားတွေထက်ပိုပြီး နစ်နာဆုံးရှုံးမှုများလို့ပါ။ မြန်မာသံရုံးကို ရောက်တော့ နေထိုင်စားသောက်ဖို့အားလုံးစီစဉ်ပေးပါတယ်။ သံအမတ်၊ သံမှူးနဲ့ ဝန်ထမ်းတွေက နွေးနွေးထွေးထွေးနဲ့ ကူညီစောင့်ရှောက်ကြတော့ ဝမ်းနည်းဝမ်းသာ ဖြစ်ရပါတယ်။ အခုလိုအမိနိုင်ငံကို ပြန်လည်ခြေချခွင့်ရအောင် အစစအရာရာ ကူညီစောင့်ရှောက်ပေးခဲ့ကြတဲ့ နိုင်ငံတော်အကြီးအကဲတွေနဲ့ သံရုံးဝန်ထမ်းအားလုံးကို ဒီနေရာကနေ ကန်တော့ပါတယ်။ ပြောမပြတတ်အောင် အထူးကျေးဇူးတင်ပါတယ်" ဟု ပြောကြားသည်။

**ပြန်လည်ခေါ်ဆောင်နိုင်ခဲ့**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာသံရုံး၏ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ကြပြီး ယခုလို အမိနိုင်ငံသူတစ်ဦး အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအပေါ် ကာယကံရှင်နှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရနှင့် မြန်မာသံရုံးတို့ကို လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)
ဓာတ်ပုံ - ကနူး

# သက်ရှည်ကျန်းမာ နည်းလမ်းရှာ

ဒေါက်တာဇေယျာဝင်း

**ကမ္ဘာပေါ်မှာရှိတဲ့ လူတိုင်းလူတိုင်းဟာ ကျန်းမာခြင်းနဲ့ အသက်ရှည်ခြင်း အခွင့်အလမ်းတွေကို ပိုင်ဆိုင်ခွင့်ရှိသင့်ပါတယ်။ အသက်ရှည်ခြင်းဟာ လူ့ဘဝရဲ့ အကြီးမားဆုံးသော အောင်မြင်မှုများထဲမှ တစ်ခုဖြစ်ပါတယ်။ သို့သော် အသက်ရှည်သူတိုင်း ကျန်းမာသောဘဝကို ပိုင်ဆိုင်ရရှိသူလို့တော့ မဆိုနိုင်ပါ။ ဒီအဆိုကို ပြောင်းလဲနိုင်တဲ့ အခြေအနေ ကျွန်တော်တို့ လက်ထဲမှာ ရှိနေပါတယ်။ ကျွန်တော်တို့ကိုယ်တိုင်၊ ကျွန်တော်တို့ နေထိုင်ရာပတ်ဝန်းကျင်နဲ့ ကျွန်တော်တို့ရဲ့ အနာဂတ်မျိုးဆက်များအတွက် ၎င်းတို့ရဲ့ဘဝ နှောင်းပိုင်းကာလများကို ကျန်းမာပျော်ရွှင်စွာ နေထိုင်သွားနိုင်ဖို့ အတူတကွလက်တွဲ လုပ်ဆောင်ရမယ့် အချိန်ပင် ဖြစ်ပါတယ်။**

### အဓိကအချက်များ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ အဆိုအရ အသက် ၆၀ အထက် လူဦးရေအချိုးအစားဟာ အချိန်နဲ့အမျှ တိုးပွားလာနေတယ်လို့ ဆိုပါတယ်။ ၂၀၁၉ ခုနှစ်မှာ အသက် ၆၀ အထက် လူဦးရေဟာ တစ်ဘီလီယံခန့် ရှိခဲ့ပြီးတော့ ၂၀၃၀ ပြည့်မှာ ၁ ဒသမ ၄ ဘီလီယံခန့်နဲ့ ၂၀၅၀ ပြည့်နှစ်မှာတော့ ၂ ဒသမ ၁ ဘီလီယံခန့်အထိ တိုးပွားလာနိုင်တယ်လို့ ခန့်မှန်းတွက်ချက်ထားကြပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ အသက် ၆၀ အထက် လူဦးရေဟာ အသက် ၅ နှစ်အောက် ကလေးငယ်ဦးရေထက် ပိုမိုသာလွန်လျက် ရှိတာကိုလည်း တွေ့ရှိရပါတယ်။ ၂၀၅၀ ပြည့်နှစ်မှာ အသက်အရွယ်ကြီးသူများရဲ့ ၈၀ ရာခိုင်နှုန်းခန့်ဟာ ဝင်ငွေနိမ့်နဲ့ ဝင်ငွေအလယ်အလတ်တိုင်းပြည်တွေမှာ နေထိုင်ကြသူတွေ ဖြစ်လာတော့မှာပါ။ ဒါကို ကြည့်ခြင်းအားဖြင့် လူအိုအချိုးအစား အရေအတွက် လျင်မြန်စွာ တိုးတက်လာနေတာ တွေ့ရှိရမှာ ဖြစ်ပါတယ်။ သက်ကြီးရွယ်အို အချိုးအစား မြင့်မားလာတာနဲ့အတူ နိုင်ငံတိုင်းဟာ ကျန်းမာရေးနဲ့ လူမှုရေးစနစ်တွေမှာ အဓိကကျတဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖြေရှင်းကြရမှာ ဖြစ်ပါတယ်။

### အိုမင်းခြင်းသတ်မှတ်ချက်

လူတစ်ဦးဟာ ဘယ်အချိန် အိုလာပြီဆိုတာကို နည်းလမ်းမျိုးစုံနဲ့ တွေ့ရှိနိုင်ပါတယ်။ အသက်အရွယ်အရ အိုမင်းခြင်းနဲ့အတူ ကျန်းမာရေးအရလည်း ကန့်သတ်ချက်တွေ ရှိလာပါတယ်။ အသက်ကြီးလာတာနဲ့အမျှ ကျန်းမာရေးပြဿနာ ရှိလာနိုင်ခြေဟာလည်း မြင့်တက်လာပါတယ်။

လူတစ်ဦးနဲ့ တစ်ဦးမှာ ခန္ဓာကိုယ်အတွင်း ဆဲလ်တွေ၊ မော်လီကျူးတွေရဲ့ ဇီဝဖြစ်စဉ် ပြောင်းလဲမှုတွေ မတူညီမှုကြောင့် ပုံမှန်အားဖြင့် အသက်ကြီးလာတဲ့ အခါမှ ဖြစ်ပေါ်တတ်တဲ့ ဇီဝရုပ်ပိုင်း အသက်ကြီးရင့်တာမျိုးကို အချို့လူတွေမှာ စောစောစီးစီး တွေ့ရှိရပါတယ်။ အချို့ လူတွေမှာတော့ နောက်ကျမှသာ ဇီဝရုပ်ပိုင်းအရ အသက်ကြီးတာမျိုး ဖြစ်တတ်ပါတယ်။ ဆိုလိုတာကတော့ အသက် ၆၅ နှစ် အရွယ် လူနှစ်ယောက်မှာ ဇီဝရုပ်ပိုင်း အသက်တွေက မတူနိုင်ပါဘူး။ တစ်ဦးက ဇီဝရုပ်ပိုင်းဆိုင်ရာ ပိုမိုအိုမင်းပေမယ့်သက်တူရွယ်တူ ကျန်တစ်ဦးမှာအိုမင်းရင့်ရော်မှု နည်းပါးတာမျိုး ဖြစ်တတ်ပါတယ်။ ရှိရင်းစွဲအသက်ထက် ပိုမိုနုပျိုတာ၊ ပိုမိုအိုမင်းတယ်လို့ ထင်ရတာတွေဟာ စားသောက်နေထိုင်မှုပုံစံတွေ အလေ့အကျင့်တွေကြောင့် ဖြစ်ပါတယ်။

စိတ်ပိုင်းဆိုင်ရာအရလည်း တစ်ဦးနဲ့တစ်ဦး အိုမင်းမှု မတူညီတတ်ပါဘူး။ လူတစ်ဦးဟာ မည်သို့ပြုမူလုပ်ဆောင် ခံစားတတ်တယ်ဆိုတာအပေါ် မူတည်ပြီး အသက်ကြီးရင့်မှု ကွာခြားတတ်ပါတယ်။

### အသက်အရွယ်ကြီးရင့်မှုနဲ့အတူ ကျန်းမာရေးယုတ်လျော့လာမှု

လူတစ်ဦးအနေနဲ့ မိမိရဲ့ အသက်ကြီးရင့်လာမှုတွေက ပုံမှန်အတိုင်းလား၊ ပုံမှန်မဟုတ်ဘူးလား ဆိုတာသိချင်ကြပါတယ်။ အထက်မှာ ဆိုခဲ့သလိုပဲ လူတစ်ဦးနဲ့ တစ်ဦး အသက်ကြီး ရင့်လာမှုပုံစံဟာ ထပ်တူမညီနိုင်ပါဘူး။ များသောအားဖြင့် အသက်ရလာတာနဲ့အမျှ ခန္ဓာအတွင်းပိုင်း အခြေအနေတွေ အပေါ်မူတည်ပြီး ပြောင်းလဲမှုတွေ ကြုံတွေ့ရမှာပဲ ဖြစ်ပါတယ်။ ဒါမျိုးကို ပုံမှန်အတိုင်း အသက်ကြီးခြင်း




> **"လူအိုတွေရဲ့ စွမ်းဆောင်ရည်တွေကို မြှင့်တင်ပေးနိုင်မယ့် အဖွဲ့အစည်း အဝန်းအဝိုင်းမျိုးတွေ ဖွံ့ဖြိုးလာအောင် လုပ်ဆောင်ရပါမယ်။ လူအိုတွေအတွက် ကျယ်ပြန့်တဲ့ ကျန်းမာရေး စောင့်ရှောက်မှုနဲ့ ပြုစုမှုတွေ ပေးနိုင်အောင်လုပ်ရပါမယ်။ နောက်ဆုံးအချက်ကတော့ လိုအပ်ချက်ရှိတဲ့ လူအိုတွေကို သတ်မှတ်အရည်အသွေးရှိတဲ့ ကာလရှည်စောင့်ရှောက်မှုတွေကို ပေးအပ်နိုင်ရေး လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်"**

လို့ ခေါ်ပါတယ်။ လူတစ်ယောက်ဟာ အသက်ရှည်ရှည် နေရတဲ့တိုင် အသက်ရလာလို့ ဖြစ်ပေါ်လာတဲ့ ကျန်းမာရေးအကျိုးဆက်တွေကို မကြုံချင်ပေမယ့် ကြုံတွေ့ရမှာဖြစ်ပါတယ်။ ဥပမာ- အသက်ရလာတဲ့အခါ မျက်စိမှုန်လာတာမျိုးကို ဆိုလိုပါတယ်။ အသက်ကြီးရင့်လာရင် ခန္ဓာကိုယ်အနေနဲ့ တစ်ခုမဟုတ် တစ်ခု ချို့ယွင်းလာတတ်ကြတာမလွဲပါ။ သို့တစေ ဒီနေ့ခေတ်မှာတော့ သိပ္ပံနည်းကျလေ့လာတွေ့ရှိမှုတွေကနေတစ်ဆင့် လူတွေအနေနဲ့ အချို့သော အသက်အရွယ်အရ ပြောင်းလဲ ယိုယွင်းလာတတ်မှုတွေကို အတိုင်းအတာတစ်ခုအထိ ထိန်းညှိနိုင်ဖို့ လုပ်ဆောင်လာနိုင်ကြပြီဖြစ်ပါတယ်။

### ကျန်းမာစွာ အိုမင်းခြင်း

ကျန်းမာစွာ အိုမင်းခြင်းဆိုတာကတော့ အသက်ကြီးလာတာနဲ့အမျှ ဖြစ်တတ်တဲ့ ခန္ဓာကိုယ် ချို့ယွင်းမှုတွေကို လျှော့ချခြင်း သို့မဟုတ် အချိန်ကာလတစ်ခုအထိ ဆိုင်းငံ့ထားနိုင်ခြင်းကို ဆိုလိုတာပါ။ ကျန်းမာစွာ အသက်ကြီးခြင်းရဲ့ ဦးတည်ချက်ကတော့ ရောဂါဘယကင်းရှင်းပြီး စိတ်ပိုင်းရော ရုပ်ပိုင်းပါ အမှီအခိုကင်းကင်းနဲ့ လှုပ်ရှားသွားလာနိုင်ဖို့ပဲ ဖြစ်ပါတယ်။ လူအများစုဟာ အသက်ရလာတာနဲ့အမျှ မိမိခန္ဓာကိုယ်ကို ကျန်းမာစေဖို့ ထိန်းသိမ်းစောင့်ရှောက်မှုတွေ ပိုမိုလုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ ကျန်းမာတဲ့ နေထိုင်မှု ပုံစံတွေဖြစ်တဲ့ အာဟာရရှိစွာ စားသောက်ခြင်း၊ လေ့ကျင့်ခန်း ပုံမှန်လုပ်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ တက်ကြွမှုရှိခြင်း စတဲ့အချက်တွေကို လိုက်နာလုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ ဖော်ပြပါ အချက်တွေကို မြန်မြန်လုပ်ဆောင်လေ ကောင်းလေပါပဲ။ ဒါပေမယ့် နောက်ကျတယ်ဆိုတာမျိုး မရှိပါဘူး။ စလုပ်ဖြစ်ဖို့ပဲ လိုတာပါ။ ထိုနည်းလမ်းတွေ ကျင့်သုံးခြင်းဖြင့် လူတွေဟာ အသက်ကြီးလို့ ကြုံတွေ့လာရမယ့် ခန္ဓာကိုယ်ချို့ယွင်းမှုတွေကို အတိုင်းအတာတစ်ခုအထိ ဟန့်တားထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။

### မျှော်မှန်းသက်တမ်း

မျှော်မှန်းသက်တမ်းအရ ကြည့်မယ်ဆိုရင် အမျိုးသမီးတွေဟာ အမျိုးသားတွေထက် ပျမ်းမျှအားဖြင့် အသက်ပိုရှည်ရှည် နေရတတ်ပါတယ်။ အကြောင်းကတော့ အမျိုးသားများဟာ ဆေးလိပ်၊ အရက် သောက်တာအပါအဝင် နေထိုင်မှုပုံစံတွေကြောင့်ရယ်၊ စိတ်ဖိစီးမှု ပိုများတတ်တာတွေရယ်ကြောင့် ဖြစ်ပါတယ်။ ယနေ့ခေတ်မှာတော့ လူတစ်ဦးရဲ့ ပျမ်းမျှမျှော်မှန်း သက်တမ်းဟာ တိုးတက်လာတာကို တွေ့ရပါတယ်။ လူတွေရဲ့ မျှော်မှန်းသက်တမ်းကို လွှမ်းမိုးနေသော အဓိကအချက်တွေကတော့ အောက်ပါအတိုင်းပဲဖြစ်ပါတယ်-

- **မိသားစုမျိုးရိုးဗီဇ-** မျိုးရိုးဗီဇဟာဆိုရင် လူရဲ့ကျန်းမာရေးကို များစွာလွှမ်းမိုးမှု ရှိပါတယ်။ ဥပမာ- သွေးတွင်းအဆီဓာတ်များတဲ့ မျိုးရိုးဗီဇကို ဆက်ခံထားသူဆိုရင် အသက်တိုနိုင်ပါတယ်။ ကင်ဆာနဲ့ နှလုံးသွေးကြောကျဉ်းရောဂါတို့ကို ကာကွယ်နိုင်တဲ့ မျိုးရိုးဗီဇရှိရင် အသက်ရှည်ရှည်နေရနိုင်ခြေ ရှိနေပါတယ်။
- **စားသောက်နေထိုင်မှုပုံစံ-** ဆေးလိပ်ရှောင်ခြင်း၊ အရက်နဲ့ မူးယစ်ဆေးရှောင်ခြင်း၊ ကိုယ်အလေးချိန်ထိန်းခြင်းနှင့် ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အစာတွေကိုသာ စားခြင်း၊ လေ့ကျင့်ခန်းလုပ်ခြင်း စတာတွေဟာ ကျန်းမာတဲ့ သက်ကြီးဘဝကို ရရှိဖို့ အထောက်အပံ့ဖြစ်စေတဲ့ နည်းလမ်းတွေဖြစ်ပါတယ်။
- **ပတ်ဝန်းကျင်ရှိ အဆိပ်အတောက်များကို ရှောင်ခြင်း-** ပတ်ဝန်းကျင်မှာရှိတဲ့ အဆိပ်အတောက်တွေကို နေ့စဉ်ထိတွေ့နေရမှုတွေဟာ လူ့အသက်ကို တိုစေပါတယ်။ ဒီလို ထိတွေ့နေသူတွေဟာ အသက်ရှည်တဲ့ မျိုးရိုးရှိသူတွေ ဆိုရင်တောင်မှ အသက်တိုစေပါတယ်။
- **ကျန်းမာရေးအသိ၊ သတိရှိခြင်း-** မိမိကျန်းမာရေးကို အစဉ်အမြဲ ဂရုတစိုက် စစ်ဆေးခြင်း၊ ရောဂါဖြစ်ပြီလို့ သံသယဝင်တာနဲ့ စစ်ဆေးကုသမှု ခံယူခြင်း၊ ရောဂါဖြစ်လျှင်တောင်မှ စောစောသိရှိရပြီး စောစောကုသမှုခံယူခြင်းဖြင့် အသက်ရှည်စေနိုင်ပါတယ်။

### ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ဆော်ဩချက်

ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံက ၂၀၂၁-၂၀၃၀ ဆယ်စုနှစ်ကို ကျန်းမာစွာ အိုမင်းခြင်းဆိုင်ရာ ဆယ်စုနှစ်အဖြစ်သတ်မှတ်ကာ သက်ရှည်ကျန်းမာတဲ့ဘဝတွေ ရရှိနိုင်ကြဖို့ အစိုးရတွေ၊ လူမှုအဖွဲ့အစည်းတွေ၊ မိတ်ဖက်အဖွဲ့အစည်းတွေ၊ နိုင်ငံတကာ အေဂျင်စီတွေ၊ မီဒီယာတွေနဲ့ ပုဂ္ဂလိကကဏ္ဍတွေဟာ အတူတကွ ပူးပေါင်းလုပ်ဆောင်နိုင်ဖို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)ကို ဦးဆောင်သူတာဝန်ပေးအပ်ထားပါတယ်။

သက်ရှည်ကျန်းမာတဲ့ သက်ကြီးဘဝကို ရရှိနိုင်ဖို့၊ ကျန်းမာရေးဆိုင်ရာ မညီမျှမှုတွေ လျှော့ချဖို့နဲ့ လူအိုတွေဘဝ တိုးတက်စေဖို့ လုပ်ဆောင်ကြရာမှာ မိသားစုတွေနဲ့ အသိုင်းအဝိုင်းတွေအနေနဲ့လည်း အဓိကအပိုင်း လေးရပ်မှာ ပူးပေါင်းလုပ်ဆောင်ကြရမှာဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဆော်ဩထားပါတယ်။

အဓိကအပိုင်းလေးရပ်ကတော့ လူမှုအဖွဲ့အစည်းတွေအတွင်း အသက်အရွယ်အိုမင်းမှုနဲ့ ပတ်သက်တဲ့ အတွေးအခေါ်တွေ၊ ပြုမူတုံ့ပြန်ပုံတွေ ပြောင်းလဲရပါမယ်။ လူအိုတွေရဲ့ စွမ်းဆောင်ရည်တွေကို မြှင့်တင်ပေးနိုင်မယ့် အဖွဲ့အစည်း အဝန်းအဝိုင်းမျိုးတွေ ဖွံ့ဖြိုးလာအောင် လုပ်ဆောင်ရပါမယ်။ လူအိုတွေအတွက် ကျယ်ပြန့်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ပြုစုမှုတွေ ပေးနိုင်အောင်လုပ်ရပါမယ်။ နောက်ဆုံးအချက်ကတော့ လိုအပ်ချက်ရှိတဲ့ လူအိုတွေကို သတ်မှတ်အရည်အသွေးရှိတဲ့ကာလရှည် စောင့်ရှောက်မှုတွေကို ပေးအပ်နိုင်ရေး လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။

အချုပ်အားဖြင့်ဆိုရရင် ကျန်းမာစွာ အသက်ရှည်ရှည် နေထိုင်နိုင်ခြင်းဟာ မင်္ဂလာတစ်ပါးဖြစ်တဲ့ အပြင် လူတိုင်းဖြစ်လိုတဲ့ ဆန္ဒလည်းဖြစ်ပါတယ်။ ခေတ်မီဆေးသိပ္ပံပညာ ဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ ကမ္ဘာ့သက်ကြီးရွယ်အို လူဦးရေအချိုးစားလည်း တိုးတက်လာလျက်ရှိပါတယ်။ တိုးပွားလာမယ့် သက်ကြီးရွယ်အိုတွေအတွက် ကျန်းမာရေး စောင့်ရှောက်မှုအပါအဝင် လိုအပ်ချက်တွေကို ပိုမိုအဆင်ပြေချောမွေ့စေဖို့ လုပ်ဆောင်ပေးခြင်းဟာ ပြောင်းလဲနေတဲ့ လူဦးရေတည်ဆောက်ပုံ အချိုးအစားအတွက် မရှိမဖြစ် အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်လာပါတယ်။ လူတိုင်းသက်ရှည်ပြီး ကျန်းမာတဲ့ လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်ရေး အရေးကြီးပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

# ကဆုန်လပြည့်(ဗုဒ္ဓနေ့) နိုင်ငံတစ်ဝန်း ကဆုန်ညောင်ရေသွန်းပွဲနှင့် ကောင်းမှုကုသိုလ်ပြုသူများစည်ကား

ကဆုန်လပြည့်နေ့(ဗုဒ္ဓနေ့)သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်သည်။ "ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း" ဆိုသည့်အတိုင်း ထူးခြားပြည့်စုံနေသော ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓဘာသာဝင်တို့သည် မြတ်စွာဘုရားရှင် သဗ္ဗညုတဉာဏ်တော်ကိုရရှိပြီး ဘုရားဖြစ်တော်မူသော မဟာဗောဓိညောင်ပင်တော်ကို ပရိဘောဂစေတီအဖြစ် အာရုံပြုပြီး နှစ်စဉ်ညောင်ရေသွန်းလောင်းပူဇော်လျက်ရှိရာ နိုင်ငံတစ်ဝန်းမြို့နယ်များ၌ ကဆုန်ညောင်ရေသွန်းပွဲတော်များ စည်ကားသိုက်မြိုက်စွာကျင်းပနေပုံများကို စုစည်းဖော်ပြအပ်ပါသည်။



သထုံမြို့ ကျက်သရေဆောင် လေးဆူဓာတ်စံရွှေစာရံစေတီတော်မြတ်ကြီး၏ ကဆုန်လပြည့်(ဗုဒ္ဓနေ့) ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းနှင့် ကဆုန်ညောင်ရေသွန်းပွဲတော်ကို စေတီတော်မြတ်ကြီး ရင်ပြင်တော်စနေထောင့်ရှိ ဗောဓိညောင်ပင်အနီး စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။ ခရိုင်(ပြန်/ဆက်)



ကဆုန်လပြည့်( ဗုဒ္ဓအခါတော်နေ့)တွင် ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော် စေတီတော်မြတ်ကြီး၌ (၁၀၆)ကြိမ်မြောက်ကဆုန်ညောင်ရေသွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။ ကိုဆက်(ပြန်/ဆက်)



ကဆုန်လပြည့်ဗုဒ္ဓနေ့၌ နေပြည်တော် ဇေယျာသီရိမြို့နယ် ဝန်ပြန်ကျေးရွာ နေမျိုးနွယ်စာသင်တိုက်အတွင်း စိုက်ပျိုးပူဇော်ထားရှိသည့် မဟာဗောဓိပင် ပရိဘောဂစေတီအား သတင်းစာတိုက်ဝန်ထမ်းများနှင့် ဒေသခံများစုပေါင်း၍ ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။ သီဟစည်သူ



ရန်ကင်းမြို့နယ် သမိုင်းဝင်ဆုတောင်းပြည့် မိုးကောင်းစေတီတော်မြတ်ကြီးတွင် ကဆုန်ညောင်ရေသွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပရာ မိုးကောင်းဆုတောင်းပြည့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးချိုလေးနှင့် အဖွဲ့ဝင်များ ရေစင်သွန်းလောင်းပူဇော်စဉ်။ လှလှထွေး(ပြန်/ဆက်)



တွံတေးမြို့ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး ရင်ပြင်ရှိဗောဓိပင်၌ ညောင်ရေသွန်းပွဲတော် ကျင်းပရာ ရေစင်သွန်းလောင်းပူဇော်ကြသူများအား တွေ့ရစဉ်။ တွံတေးသား



ကဆုန်လပြည့်(ဗုဒ္ဓနေ့) မလှိုင်မြို့ သမိုင်းဝင်ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးအား ဗုဒ္ဓဘိသေကအနေကဇာတင် မင်္ဂလာအခမ်း အနားနှင့် သံဃာတော်များအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထက်နှင့် စေတနာရှင် အလှူရှင်ပြည်သူများက ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။ မြတ်ထွန်း(မလှိုင်)



ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် မော်လမြိုင်မြို့ရှိ မဟာမြတ်မုနိဘုရားကြီး၌ ဆွမ်း၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်သူများနှင့် နေ့ထူးနေ့မြတ်အခါသမယကုသိုလ်ဒါနအဖြစ် စတုဒိသာ ကျွေးမွေးသူများဖြင့် စည်ကားသိုက်မြိုက်စွာတွေ့ရစဉ်။ ခရိုင်(ပြန်/ဆက်)



ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားကြီး၌ (၂၁)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။ ခရိုင်(ပြန်/ဆက်)

# ဗီယက်နမ်ထိပ်တန်းလုံခြုံရေးအရာရှိအား နိုင်ငံ၏ သမ္မတသစ်အဖြစ် ခန့်အပ်



ဟနွိုင်း မေ ၂၂

**ဗီယက်နမ်ထိပ်တန်းလုံခြုံရေးအရာရှိအား နိုင်ငံ၏ သမ္မတသစ်အဖြစ် ခန့်အပ်လိုက်သည်။ အဆိုပါရာထူးသည် နိုင်ငံရေးရာထူးအဆင့်အတန်းတွင် ဒုတိယအမြင့်ဆုံးဖြစ်သည်။**

ဗီယက်နမ်အမျိုးသားညီလာခံက မေ ၂၂ ရက်တွင် တိုလမ်အား ၀သမ္မတအဖြစ် ရွေးချယ်ခဲ့သည်။ ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့တွင် ရာထူးမှထုတ်ပယ်ခြင်းများ ဖြစ်ပွားပြီးနောက် ၎င်း၏ခန့်အပ်မှု ဖြစ်ပေါ်ခဲ့သည်။

တိုလမ်သည် အသက် ၆၆ နှစ်ရှိပြီး ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနတွင် ဆယ်စုနှစ်လေးနှစ်ကြာတာဝန် ထမ်းဆောင်ပြီးနောက် ၂၀၁၆ ခုနှစ်တွင် ယင်းဌာန၌ပင် ဝန်ကြီးဖြစ်လာခဲ့သည်။

လွန်ခဲ့သည့် တစ်နှစ်ခွဲကာလအတွင်း လမ်သည်သမ္မတအဖြစ် ခန့်အပ်ခြင်းခံရသည့် တတိယမြောက် လူပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ၎င်း၏ နောင်တော်သမ္မတနှစ်ဦးမှာ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးလှုပ်ရှားမှုအတွင်း ရာထူးမှ နုတ်ထွက်ခဲ့သည်။ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကို နိုင်ငံ၏ ထိပ်တန်းခေါင်းဆောင်ဖြစ်သည့် ပါတီ အထွေထွေအတွင်းရေးမှူး ငုယင်ဖူထရွန်က ဦးဆောင်ခဲ့သည်။

ယခုလအတွင်း အမျိုးသားညီလာခံဥက္ကဋ္ဌဟောင်း ရာထူးမှ နုတ်ထွက်သွားပြီးနောက် ယခုသီတင်းပတ်အစောပိုင်းတွင် အမျိုးသားညီလာခံသည် ၎င်း၏ဥက္ကဋ္ဌသစ်ကို ရွေးချယ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယနိုင်ငံ ပြည်နယ်အများအပြားတွင် အပူလှိုင်းအတွက် အနီရောင်သတိပေးချက်များထုတ်ပြန်

**နယူးဒေလီ မေ ၂၂**

လာမည့်ငါးရက်အတွင်း အိန္ဒိယနိုင်ငံတွင် အပူလှိုင်းအခြေအနေဖြစ်ပေါ်လာနိုင်သည့် အတွက် ပြည်နယ်အများအပြားတွင် အနီရောင်အဆင့် သတိပေးချက်များ ထုတ်ပြန်ထားကြောင်း အိန္ဒိယမိုးလေဝသဌာနက မေ ၂၂ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ပန်ဂျပ်၊ ဟာယာနာ၊ ချန်ဒီဂါရက်ဖ်၊ ဒေလီ၊ ရာဂျက်စသန်နှင့် ဥတ္တရာပရာဒေ့ရှ်၊ မက်ဒ်ယာပရာဒေ့ရှ်ရှိ အချို့နေရာများတွင် အပူလှိုင်းမှ ပို၍ဆိုးရွားသောအပူလှိုင်း ဖြစ်ပေါ်လာနိုင်သည်ဟု မိုးလေဝသဌာနက သတိပေးချက် ထုတ်ပြန်ထားသည်။



အိန္ဒိယအမျိုးသမီးတစ်ဦး အပူဒဏ်ကာကွယ်ရန် ထီးဆောင်းပြီး အဝတ်မျက်နှာစည်း ဝတ်ထားသည်ကို တွေ့ရစဉ်။

ရာဂျက်စသန်၊ ပန်ဂျပ်၊ ဟာယာနာ၊ ချန်ဒီဂါရက်ဖ်၊ ဒေလီနှင့် ဥတ္တရာပရာဒေ့ရှ်အနောက်ပိုင်းတို့တွင် အနီရောင်အဆင့် သတိပေးချက်ထုတ်ပြန်ထားပြီး ဥတ္တရာပရာဒေ့ရှ်အရှေ့ပိုင်း၊ ဂူဂျာရတ်၊ အနောက်မက်ဒ်ယာပရာဒေ့ရှ်တို့တွင်မူ လိမ္မော်ရောင်အဆင့် သတိပေးချက် ထုတ်ပြန်ထားသည်။

အနီရောင်အဆင့် ထုတ်ပြန်ထားသည့်ဒေသများတွင် အပူလျှပ်ခြင်းများ၊ အပူကြောင့် ဖျားနာမှုများ အသက်အရွယ်မရွေးဖြစ်ပေါ်နိုင်ပြီး ထိခိုက်ခံစားရနိုင်ချေရှိသည့် သက်ကြီးပိုင်းများအတွက် အထူးဂရုပြုရန် လိုအပ်ကြောင်း အိန္ဒိယမိုးလေဝသဌာနက ပြောသည်။ နေရောင်အောက်သွားလာလှုပ်ရှားခြင်းများ ရှောင်ရှား၍ အေးမြသည့်နေရာတွင်သာ နေထိုင်ကြရန်လည်း မိုးလေဝသဌာန သတိပေးထားသည်။

ရေလုံလောက်စွာ သောက်သုံးကြရန်လည်း သတိပေးထားသည်။ အိန္ဒိယရှိ နေရာအစိတ်အပိုင်းအတော်များများမှာ အပူလှိုင်းအခြေအနေနှင့် ကြုံတွေ့ရပြီး အပူချိန်မှာလည်း ၄၅ ဒီဂရီစင်တီဂရိတ်အထက်တွင် ရှိသည်။

**ဆင်ဟွာ**

# ရာဖာမြို့၌ အစားအသောက်ဖြန့်ဝေမှုများ ဆိုင်းငံ့ထားကြောင်း ကုလသမဂ္ဂဆိုင်ရာအေဂျင်စီပြော

**ဂါဇာ မေ ၂၂**

ဂါဇာကမ်းမြောင်ဒေသ တောင်ပိုင်းမြို့ ရာဖာတွင် လုံခြုံစိတ်ချရမှုပြဿနာနှင့် ထောက်ပံ့ရေးပစ္စည်းများပြတ်လပ်မှုကြောင့် အစားအသောက်ဖြန့်ဝေမှုများကို ဆိုင်းငံ့ထားကြောင်း ကုလသမဂ္ဂ ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာအေဂျင်စီ(UNRWA) က ပြောသည်။

မြို့အရှေ့ပိုင်းဧရိယာတွင် စစ်ဆင်ရေးများပြုလုပ်နေသည့်အတွက် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ ရာဖာမြို့တွင်ရှိသော ကုန်လှောင်ရုံနှင့် အစားအသောက်ဖြန့်ဝေရေးစင်တာတို့မှာ ယခုအခါ ဝင်ရောက်၍ မရနိုင်ဟု မေ ၂၁ ရက်တွင် UNRWA က ပြောသည်။ အစ္စရေးတပ်ဖွဲ့၏ လတ်တလောပြုလုပ်နေသော စစ်ဆင်ရေးကြောင့် အေဂျင်စီ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းများဖြန့်ဝေရာတွင် တိုက်ရိုက်ထိခိုက်စေသည်ဟု ဖော်ပြလျက်ရှိသည်။

ဂါဇာကမ်းမြောင်ဒေသရှိ ပြည်သူများမှာ ရာဖာမြို့မှ ထွက်ပြေးရန် ဖိအားပေးခံခဲ့ရသော်လည်း မြို့တွင် အရပ်သားခန့်မှန်းခြေ ၃၀၀၀၀၀ မှ ၄၀၀၀၀၀ ခန့်ကျန်ရှိနေသေးသည်ဟု အစ္စရေးမီဒီယာတွင် ဖော်ပြထားသည်။ အစ္စရေးတပ်ဖွဲ့သည် ရာဖာမြို့ရှိ ဟားမားစ်တို့ကို ဆက်လက်တိုက်ခိုက်လျက်ရှိသည်။ အစ္စရေးတို့က အဆိုပါဒေသတွင် စစ်ဆင်ရေး တိုးချဲ့ရန်စီစဉ်နေသည့်အတွက် အကူအညီပေးရေးလှုပ်ရှားမှုများတွင် ရှေ့ရှည်သက်ရောက်မှုရှိလာမည်နှင့် ရာဖာမြို့ရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေများ ပို၍ဆိုးရွားလာမည်ကို စိုးရိမ်မှုများ မြင့်မားလာလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**



# မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လျှပ်တစ်ပြက် ရေကြီးမှုများကြောင့် အာဖရိကအရှေ့ပိုင်းရှိ ပြည်သူ ၁ ဒသမ ၆ သန်းကျော် ရေဘေးဒုက္ခကြုံတွေ့

**နိုင်ရိုဘီ မေ ၂၂**

မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် လျှပ်တစ်ပြက် ရေကြီးခြင်းများကြောင့် အာဖရိကအရှေ့ပိုင်းရှိ ပြည်သူ ၁ ဒသမ ၆ သန်းကျော် ရေဘေးဒုက္ခ ကြုံတွေ့လျက်ရှိကြောင်း ကုလသမဂ္ဂ ဒုက္ခသည်အေဂျင်စီက မေ ၂၂ ရက်က ပြောကြားလိုက်သည်။



ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး (OCHA) က မေ ၁၇ ရက်အထိ ဘူရွန်ဒီ၊ အီသီယိုးပီးယား၊ ကင်ညာ၊ ဆိုမာလီယာ၊ ယူဂန်ဒါနှင့် တန်ဇန်နီးယားနိုင်ငံတို့မှ လူပေါင်း ၁၇၄၇၃ ဦးသေဆုံးခဲ့ပြီး ၄၁၀၃၅၀ နီးပါး ပြောင်းရွှေ့ခဲ့ရကြောင်း ဖော်ပြခဲ့သည်။

ဒေသတွင်း လူသားချင်းစာနာကူညီမှုအေဂျင်စီများက အစိုးရ၏ ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများ၊ အရေးပေါ် ကူညီထောက်ပံ့ရေးလုပ်ငန်းများတွင် ထောက်ပံ့ကူညီခဲ့ကြောင်း OCHA က ပြောကြားခဲ့သည်။

ရန်ပုံငွေ ထောက်ပံ့မှုများက မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေကြီးမှု ဖြစ်ပွားခြင်းများကို တုံ့ပြန်ကူညီရာတွင် မြန်ဆန်ထိရောက်စေကြောင်း OCHA က ပြောကြားသည်။

**ဆင်ဟွာ**

# ဘရာဇီးနိုင်ငံ၌ သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ငါးသန်းကျော်ရှိလာ

**ရီယိုဒီဂျနေးရိုး မေ ၂၂**

ဘရာဇီးနိုင်ငံတွင် ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ငါးသန်းကျော်ရှိလာပြီး သေဆုံးသူဦးရေမှာ ၃၀၀၀ နီးပါးရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက မေ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

မကြာသေးမီက ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ တိုင်းပြည်အတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၅၁၄၅၂၉၅ ဦးရှိပြီး သေဆုံးသူ ၂၈၉၉ ဦးရှိသည်ဟု အတည်ပြုထားသည်။ ယခုနှစ်အတွင်း ဘရာဇီးနိုင်ငံသည် သမိုင်းတွင် သွေးလွန်တုပ်ကွေးဖြစ်ပွားမှုအများဆုံး အခြေအနေနှင့် ကြုံတွေ့ရပြီး အိမ်နီးချင်းနိုင်ငံများသို့ပါ ရောဂါဖြစ်ပွားမှု ပျံ့နှံ့သွားခဲ့သည်။

ယခုနှစ်အတွင်း ရောဂါဖြစ်ပွားမှုများပြားလာရခြင်းမှာ ရာသီဥတုဖောက်ပြန်မှုနှင့် သွေးလွန်တုပ်ကွေးအမျိုးအစားများ ပျံ့နှံ့မှုစသည့် အကြောင်းအရာများကြောင့်ဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

**ဆင်ဟွာ**

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)မှ ကဆုန်လပြည့်(ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းပွဲကျင်းပ



ရန်ကုန် မေ ၂၂

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)မှ ကဆုန်လပြည့်(ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းပွဲကို ယနေ့ ညနေပိုင်းက ရွှေတိဂုံကုန်းမြေ အသင်းရုံးရှိမဟာဗောဓိညောင်ပင်၌ကျင်းပရာဗုဒ္ဓဘာသာကလျာဏယုဝ အသင်းဥက္ကဋ္ဌ ဦးရဲထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ဘုရားအနေကဇာတင်ခြင်းနှင့် ဥဒါန်းဂါထာတော်ကို ရွတ်ဆိုပူဇော်ကာ အခမ်းအနားသို့ တက်ရောက်လာကြသူများက ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းခဲ့ကြသည်။

သတင်းစဉ်

## ကျေးရွာသစ်တော ထင်းမျောအိမ်တိုင် လှိုင်လှိုင်ရဖို့ စိုက်ပျိုးစို့

ရန်ကုန်မြို့ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်၏ (၅၃)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို မေ ၂၂ ရက်က စေတီတော်အနောက်ဘက်ရှိ မဟာဗောဓိပင်၌ ကျင်းပရာ ဆရာတော် သံဃာတော်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အဖွဲ့များ၊ ပြည်သူများက ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။ အာကာလင်း



# အိမ်မဲမြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေး



အိမ်မဲ မေ ၂၂

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်အတွင်းရှိ ကျေးရွာများမှ မိုးစပါးစိုက်ပျိုးမည့်တောင်သူများအား ၂၀၂၄ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေများကို မေ ၂၀ ရက်က စတင်ထုတ်ချေးပေးရာ ယနေ့နံနက်ပိုင်းတွင်လည်း ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ထုတ်ချေးပေးလျက်ရှိရာ အိမ်မဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာနှင့်ဝန်ထမ်းများက မေ ၂၀ ရက်က ကန်ကြီးဒေါင့်ကုန်းကျေးရွာအုပ်စုရှိ တောင်သူ ၁၈ ဦး၏ လယ်မြေဧက ၁၃၁ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ချေးငွေကျပ် ၁၉၆၅၀၀၀၀၊ မေ ၂၁ ရက်က ကျုံစိန်ကျေးရွာအုပ်စုရှိ တောင်သူ ၁၀၈ ဦး၏ လယ်မြေ ၆၆၅ ဧကအတွက် ချေးငွေကျပ် ၉၉၇၅၀၀၀၀ တို့ကို ထုတ်ချေးပေးခဲ့ပြီး အိမ်မဲမြို့နယ်ဘဏ်ခွဲရှိ ကျေးရွာအုပ်စု ၉၈ အုပ်စုရှိ အချိန်စေ့ရောက်ပြီးသည့် ချေးငွေများပြေကျေစွာပေးဆပ်ပြီးသည့် တောင်သူများအား ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အိမ်မဲ (ပြန်/ဆက်)



# သီပေါ - နမ့်လန်ဒေသ၌ ဗုဒ္ဓါဘိသေကမင်္ဂလာ၊ ဝိဇာတမွေးနေ့နှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ် ဆက်ကပ်ပွဲကျင်းပ

သီပေါ မေ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်မြို့ ဒက္ခိဏာရာမကျောင်းတိုက် ရွှေသာလျောင်းဆုတောင်းပြည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥတ္တမသာရ၏ သက်တော် ၇၅ နှစ်ပြည့် စိန်ရတုဝိဇာတပူဇာမင်္ဂလာ၊ နိုင်ငံတော်ကချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဂုဏပူဇာမင်္ဂလာနှင့် သံဃာတော်အပါး ၁၀၀၀ ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့) နံနက်က ကျောင်းတိုက်မွေရုံ၌ ကျင်းပသည်။

ရှေးဦးစွာ သာသနာရေးဆိုင်ရာကိစ္စရပ်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုးဝင်းက လျှောက်ထားပြီး သာသနာတော်ဆိုင်ရာ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ကို ဆရာတော် ဘဒ္ဒန္တဥတ္တမသာရ အရှင်သူမြတ်ထံ ဆက်ကပ်သည်။

ထို့နောက် ကျေးဇူးတော်ရှင် ရန်ကုန်မြို့ ရွှေပြည်ဟိန်းဆရာတော်ထံမှ အနုမောဒနာတရားတော်နှင့် ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်း၍ ရေစက်သွန်းချ အမျှပေးဝေသည်။

အဆိုပါအလှူတော်မင်္ဂလာအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် နမ့်လန်ဒေသအုပ်ချုပ်ရေးမှူး ဦးစိုင်းဂွန်းနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဌာနဆိုင်ရာများက ယဉ်ကျေးမှု ရှမ်းအိုးစည်ဗုံမောင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ဂုဏ်ပြုပူဇော်ကြပြီး ညနေပိုင်းတွင် မန္တလေးမြို့ မြန်မာ့လက်ရွေးစင် ဆီးဂိမ်းရွှေတံဆိပ်ဆုရှင် တပင်တိုင် ခြင်းမင်းသမီးလေး "မစာဥ" က ခြင်းလုံးအစွမ်းပြ ဖျော်ဖြေကြောင်း သိရသည်။ စိုင်း(သီပေါ)



ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီး ပန်းကန်လုံးကျွန်းခေမာဒီပစေတီတော်မြတ်ကြီးအတွင်းရှိ ညောင်ပင်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြသိန်းထွန်းနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်ပြည်သူများ ညောင်ရေသွန်းလောင်းပူဇော်စဉ်။ ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂ - ၅ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၄၅ ကျပ် | ၂၄၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၉၅ ကျပ် | ၂၄၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၆၂၅ ကျပ် | ၂၇၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၇၅၀ ကျပ် | ၂၈၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၈၂၄ | ၇၁၃၃၃၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၂၅၄၈၅၂ | ၄၅၀၅၂၅၈၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၂၉ | ၂၃၂၀၀၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၃၂၀ | ၄၉၀၅၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၂၈၈ | ၇၅၁၀၀၀ |
| EFR | ၁၇၀၀ | ၁၇၀၀ | ၁၃၇၆ | ၂၃၃၉၂၀၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၂၂၅၀ | ၂၂၅၀ | ၆၁၉ | ၁၃၉၂၇၅၀ |

# ဘဝနတ်ထံ ပျံလွန်တော်မူ

နေပြည်တော် မေ ၂၂

ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ လက်သမားရပ်ကွက် အတွင်းပတ္တမြားကျောင်းတိုက် ဦးစီးပဓာန နာယက၊ နိုင်ငံတော်သြဝါဒါစရိယ၊ ဘဒ္ဒန္တအရိယဝံသ အဘိဓဇ မဟာရဋ္ဌဂုရု သက်တော် (၁၀၀)နှစ်၊ သိက္ခာ(၈၀) ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်၊ မေ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် ၇ နာရီ ၁၀ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

❖ *ကျော်ဖုံးမှ*

၂၄-၅-၂၀၂၄ ရက်၌ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ ထို့နောက် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ မေ ၂၅ ရက် ညနေပိုင်းတွင် ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မေ ၂၃ ရက်မှ ၂၇ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့နေရာများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ ၉ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်မှ ၅၅ မိုင်အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ ၁၃ ပေမှ ၁၆ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်း လေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## မိုးထစ်ချုန်း ရွာမည်

နေပြည်တော် မေ ၂၂

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။

မိုး/ဇလ

## မြိတ်မြို့နယ် လသာရွာနှင့် တနင်္သာရီမြို့နယ် ရမ်းဖိုကျေးရွာတို့မှ အမျိုးသမီးတစ်ဦးအပါအဝင် ဒေသခံခြောက်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရိုက်နှက်၍ ဖမ်းဆီးသွားခဲ့ကြောင်း မဟုတ်မမှန် လုံ့ဆော်ဝါဒဖြန့်ရေးသားလျက်ရှိ

နေပြည်တော် မေ ၂၂

မြိတ်မြို့နယ် လသာကျေးရွာနှင့် တနင်္သာရီမြို့နယ် ရမ်းဖိုကျေးရွာအနီးတွင် မေ ၂၀ ရက်က ယာဉ်တန်း မိုင်းဆွဲတိုက်ခိုက်ခံရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အမျိုးသမီးတစ်ဦးအပါအဝင် ဒေသခံခြောက်ဦး ရိုက်နှက်ဖမ်းဆီးခံခဲ့ရကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာပေါ်တွင် မဟုတ်မမှန် စွပ်စွဲရေးသား ဖော်ပြလျက်ရှိသည်ကို တွေ့ရှိရသည်။




ဖြစ်စဉ်အမှန်မှာ မြိတ်မြို့နယ် လသာကျေးရွာအနီး လုံခြုံရေးတပ်ဖွဲ့ဝင်များ လုံခြုံရေး ဆောင်ရွက်နေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက အဝေးမှ ချောင်းမြောင်းပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်းနှင့် ဒေသခံပြည်သူတစ်ဦးတစ်ယောက်မျှ ဖမ်းဆီးထိန်းသိမ်းထားခြင်း မရှိကြောင်း သက်ဆိုင်ရာ နယ်မြေလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

ထိုသို့ အကြမ်းဖက်သမားများ၏ ချောင်းမြောင်းပစ်ခတ်ခဲ့သည့် ဖြစ်စဉ်အပေါ် ဒေသခံပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများမှတစ်ဆင့် လူမှုကွန်ရက်စာမျက်နှာပေါ်တွင် မဟုတ်မမှန် လုပ်ကြံရေးသားကာ လှုံ့ဆော်ဝါဒဖြန့်ဝေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး အသိပညာပေး

မဟာအောင်မြေ မေ ၂၂

မဟာအောင်မြေမြို့နယ် လူထုအခြေပြုခန်းမ၌ သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး အသိပညာပေးTalk Show ကို မေ ၂၀ ရက်က ပြုလုပ်သည်။

အဆိုပါ အသိပညာပေးနှင့်ပတ်သက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးညီဝင်းသူက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ ဆွေးနွေးမေးမြန်းရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မေသန္တာလင်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် မန္တလေးမှာရှိသော ဒုဋ္ဌဝတီမြစ်၊ ဧရာဝတီမြစ်၊ သင်္ဂဇာချောင်း၊ ပရံတော်ချောင်း၊ တောင်သမန်အင်းစသည့်များကို မြေပေါ်ရေ အရည်အသွေး တိုင်းတာခြင်းများဆောင်ရွက်ကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုများသော စက်ရုံ၊ အလုပ်ရုံများကို လစဉ်ကွင်းဆင်းစစ်ဆေးခြင်း၊ ပတ်ဝန်းကျင် ဆန်းစစ်ခြင်းများ ဆောင်ရွက်ခြင်း၊ အခြားဌာနများဖြင့် ပူးပေါင်း၍ ပြုလုပ်ကြောင်း သိရသည်။ လာမည့်ဇွန်လ ၅ ရက်နေ့ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ဆော်ဒီအာရေဗျ နိုင်ငံ၏ ရီယာ့ဒ်မြို့မှာ ပထမဦးဆုံးသော ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးညီလာခံကို ကျင်းပခဲ့ကြောင်း၊ ထို့နောက် သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှုဖြစ်နေခြင်းသည် လူသားအားလုံးကသစ်နှင့် ထင်းတွေကို အလွန်အကျွံ သစ်တောတွေထုတ်ယူခြင်း၊ စိုက်ပျိုးမြေများချဲ့ထွင်ခြင်း၊ သတ္တုတူးဖော်ခြင်း စသည်များ ဆွေးနွေးပြောကြားသည်။

အောင်ဇော်မင်း

## နိုင်ငံတော်သြဝါဒါစရိယ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ လက်သမားရပ်ကွက် အတွင်းပတ္တမြား ကျောင်းတိုက်ဦးစီးပဓာနနာယက ဘဒ္ဒန္တအရိယဝံသ (အဘိဓဇမဟာရဋ္ဌဂုရု) ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ဧရာဝတီတိုင်း ဒေသကြီး မြန်အောင်မြို့နယ် သပြေကုန်းတိုက်နယ် ဆပ်သွားဖုံးကျွန်းရွာ ခမည်းတော် ဦးဘိုးသန့် + မယ်တော် ဒေါ်အေးညွန့်တို့မှ ၁၂၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၈) ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၂၉၈ ခုနှစ်တွင် ဟင်္သာတမြို့နယ် သပြေကုန်းကျေးရွာ ဝါဆိုကျောင်းဆရာတော် ဘဒ္ဒန္တဇနိန္ဒကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၀၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၂) ရက်၊ တနင်္လာနေ့တွင် သပြေကုန်းကျေးရွာ ဝါဆိုကျောင်းဗဒ္ဓသိမ်၌ သပြေကုန်းရွာ ကံသစ်ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တပဒုမကို ဥပဇ္ဈာယ်ပြု၍ ဦးကျော်သိန်း + ဒေါ်ချစ်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် သပြေကုန်းကျေးရွာ ဝါဆိုကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဇနိန္ဒ၊ အတွင်းပတ္တမြားကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တဝိသုဒ္ဓါစာရနှင့် စာချဆရာတော်များ၊ ရေကင်းကျွန်းကလေးကျောင်း ဆရာတော်ဘဒ္ဒန္တနန္ဒာဘာသ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်ဘဒ္ဒန္တနန္ဒဝံသ၊ မန္တလေးမြို့ တောင်ထီးလင်းတိုက် ဆရာတော်ဘဒ္ဒန္တသုရိယာဘိဝံသ၊ ဘဒ္ဒန္တပညာနန္ဒာဘိဝံသ၊ ဘုရားကြီးတိုက် ဆရာတော်ဘဒ္ဒန္တနာရဒါဘိဝံသ၊ ဆီးဘန်နီတိုက် ဆရာတော်ဘဒ္ဒန္တအာစာရာဘိဝံသ၊ စစ်ကိုင်းမြို့ ပဋ္ဌာန်းသိပ္ပံ ဆရာတော်ဘဒ္ဒန္တကုမ္ဘက စသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး "သာသနဓဇသိရီ ပဝရဓမ္မာစရိယ" ဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ဟင်္သာတမြို့ အတွင်းပတ္တမြားကျောင်းတိုက်၌ စာသင်သားရဟန်း သာမဏေများအား ပရိယတ္တိစာပေများ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ စာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ခြင်းနှင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃဝန်ဆောင်၊ မြို့နယ် ဝိနည်းဓိုရ်၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝိနည်းဓိုရ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ပြီး ယနေ့အထိ နိုင်ငံတော်သြဝါဒါစရိယဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရဝဟဂုဏ်၊ သာသနဟိတရေဂုဏ်၊ ဓမ္မဓာဂရိယဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတလဒ္ဓလက္ခဏဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ဝိဋ္ဋကတ္တသ ဆေကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၉၉၉ ခုနှစ်တွင် **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်၊ ၂၀၁၄ခုနှစ်တွင် **"အဘိဓဇမဟာရဋ္ဌဂုရု"** ဘွဲ့တံဆိပ်တော်မြတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၁၀၀)နှစ်၊ သိက္ခာ(၈၀)ဝါအရ ၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့် (၂၂-၅-၂၀၂၄)ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် (၀၇:၁၀) နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့

UN environment



" သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး "

" Land restoration, desertification and drought resilience "

## ပတ်စ်ပို့ပျောက်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ချမ်းမြသာစည်ရပ်ကွက်နေ ဦးခင်မောင်သက်၏သမီး၊ ကျွန်မ ဒေါ်စုဝေထွန်း ၇/ဝမန(နိုင်)၁၆၁၄၇၄၏ နိုင်ငံကူးလက်မှတ်အမှတ် (MF 566752) ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၇၃၉၈၅၉၁

## အမည်ပြောင်း

ဘားအံမြို့၊ ယူရီကိုယ်ပိုင်အထက်တန်းကျောင်း(Grade-9) တွင် ပညာသင်ကြားခဲ့သော (အဖ)ဦးစန်းကို ၏ သမီးဖြစ်သူ မအေးချမ်းဖြူဖြူ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (၃/ဘအန (နိုင်)၄၃၆၈၈၈) အား ယနေ့မှစ၍ **မလင်းသူဟန်** ဟု ပြောင်းလဲခေါ်ပါရန်။

မလင်းသူဟန်

## အလိမ္မာ စာမှာရှိ

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ အမှတ်- ၇၃၆ နေ ဒေါ်ဝင်းမာဦး ၁၂/အစန (နိုင်) ၁၈၇၆၆၈] သည် အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမှတ်အသားကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၃၈၅၅/၂၀၂၄) ဖြင့် (၃. ၅. ၂၀၂၄) ရက်တွင် မှတ်ပုံတင်သွင်းထားခဲ့ပြီးလည်း ဖြစ်ပါသည်-

**မှတ်ပုံတင်စာချုပ်အမှတ် (၃၈၅၅/၂၀၂၄)**

GOLD AND JEWELLERY

အထက်ဖော်ပြပါ "W & S Gold Shop" ဆိုသည့် ကုန်အမှတ်တံဆိပ်ဖြင့် ရွှေသားများ ပေါ်တွင်လည်းကောင်း၊ ရွှေထည်များကို ပန်းထိမ်ဆရာဖြင့် ရွှေထည်များကို ခတ်နှိပ်၍လည်းကောင်း (ဥပမာ-ပြက္ခဒိန်၊ လက်ဆွဲအိတ်၊ Name Card အစရှိသည်) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ဆိုင်ခွဲများဖွင့်လှစ်၍ ရောင်းချလျက်ရှိပါသည်။ ထို့အပြင် အဆိုပါကုန်အမှတ်တံဆိပ်အမှတ်အသားကို ဒီဇိုင်းအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးပြုလုပ်၍ ရွှေသားများပေါ်တွင် ကပ်နှိပ်၊ ရိုက်နှိပ်၊ ဖိနှိပ်၍ ဖြန့်ချိရောင်းချလျက်ရှိပါသည်။ သို့ပါ၍ မည်သူတစ်ဦးတစ်ယောက်ကမျှ ဒေါ်ဝင်းမာဦးတစ်ဦးတည်း အသုံးပြုလျက်ရှိသော အဆိုပါ "W & S Gold Shop" ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပပြုလုပ်သုံးစွဲခြင်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ မှိုင်းတုပပြုလုပ်သုံးစွဲခြင်းများ မပြုလုပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။ ပြုလုပ်သုံးစွဲသည်ကို တွေ့ရှိပါက တည်ဆဲဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဝင်းမာဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အောင်အောင်အေး (LL.B,D.I.L)** **ဦးရဲဝင့်နောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၃၉)** **အထက်တန်းရှေ့နေ (စဉ်-၄၁၀၂၇)**
**အင်းစိန်ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉ ၄၂၅၀၃၃၄၆၁၊ ၀၉ ၅၀၇၁၄၃၁**

## မန္တလာသီရိ ကလပ်ဖွင့်ပွဲအထိမ်းအမှတ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကျင်းပမည်

**မန္တလေး မေ ၂၂**

မန္တလေး ချမ်းမြသာစည်မြို့နယ် မန္တလာသီရိ ကလပ်ဖွင့်ပွဲအထိမ်းအမှတ် မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကြီးကို မေ ၂၆ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ၆၈ လမ်း ၁၀၆ လမ်းနှင့် ၁၀၇ လမ်းကြားရှိ မန္တလာသီရိ ဘောလုံးကွင်းအတွင်းရှိ မန္တလာသီရိ ကလပ်တွင် ကျင်းပမည်ဖြစ်ပြီး ဝင်ကြေးအခမဲ့ ဖြစ်သည်။

ပါဝင်ထိုးသတ်မည့်တွဲဆိုင်းများမှာ ဝဏ္ဏ (UMC) နှင့် အဂ္ဂ (တောင်ကြီးကလပ်)၊ မြနန်းအောင် (UMC )နှင့် ရှုတိုင်းယဉ် (ဆုထူးပန်)၊ ကိုသန့်(ပခုက္ကူ-UMC)နှင့် ပြည့်ဖြိုးအောင်(သရဖူ)၊ အမရသွေး(UMC)နှင့် စိန်ဝင်းဦး(စိန်နန်းတော်၊ မြနန်းစံ(UMC) နှင့် နန်းတိုးကျော်(စိန်နန်းတော်)၊ နန်းတော်သွေး(UMC)နှင့် အာရှတံခွန် (ကျည်ဆံနဂါး)၊ လင်းခန့်မောင်(ဘာမထီ)နှင့် နန်းသူရ (ညီနန်းတော်)၊ ကောင်းထက်(မဟာကေရာဇ်)နှင့် လင်းခန့် (ကျည်ဆံနဂါး)တွဲဆိုင်းများအပါအဝင် တွဲဆိုင်း ၁၀ ဆိုင်းယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်သည်။ မေ ၂၅ ရက်တွင်လည်း ဘောက်ဆင်ပွဲများ ကျင်းပသွားမည်ဟု သိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့နယ်ရှိ အောက်ဖော်ပြပါနေရာများတွင် မြေငှားဂရန်အမည်ပြောင်းရရှိရေးအတွက် တရားဝင်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ချုပ်ဆိုထားသည့် စာချုပ်များဖြင့် လျှောက်ထားလာပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်များ ခွင့်ပြုချထားပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | လျှောက်ထားသူအမည် | မူလအမည်ပေါက်သူ | ရပ်ကွက် | ကွင်းအမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | မှတ်ချက် |
